*"ဖတ်..ဖတ်..ဖတ်..ဖတ်.."*

*"ဟော.. အမေ..ခြေ..ခြေသံ."*

*"ဂျလောက်..ရှစ်..ရှစ်..ရှစ်.."*

*"ဂျလောက်.. ဖတ်..ဖတ်..ဖတ်.."*

*"အမေ..သမီး..ကြောက်တယ်..ကြောက်တယ်."*

ဒေါ်မေမြက အနားသို့ ကြောက်ကြောက်ရွံ့ရွံ့ ကပ်လာသောသမီးကို ဆွဲဖက်ထားလိုက်၏။ တကယ်တော့ သူမကိုယ်တိုင်လည်း ကြောက်နေသည်။

*"ကို..ကိုစိန်ခန့်..ကလေးကို..လန့်အောင်..မလုပ်ပါ..နဲ့"*

တုန်တုန်လှုပ်လှုပ် ပြောမိပြောရာ ပြောလိုက်သော ဒေါ်မေမြ၏စကားကြောင့်လား၊ မည်သည်ကြောင့်ဟူ၍ မသိ။ အခန်းတွင်းမှ ခြေသံ၊ သော့ခလောက်သံ၊ ငွေစက္ကူ ရေတွက်သံ ကဲ့သို့သော တရှစ်ရှစ်အသံတို့က ငြိမ်သက်သွား၏။

*"အမေ..ငွေ..ငွေက.. မယူလို့..မရ..မရဘူးလား..ဟင်.."*

အမေကို မော်ကြည့်ကာ ထိတ်လန့်ဟန်နှင့်မေးနေသော အပျိုဖြန်း ဆယ့်ခြောက်နှစ်အရွယ် သမီးငယ်ကို ဒေါ်မေမြ ငုံ့ကြည့်သည်။ သူမလက်ထဲမှ တူနှင့်ဆောက်ကိုပါ တစ်လှည့်စီကြည့်ကာ သက်ပြင်းကြီးတစ်လုံးကိုလည်း ဟင်းခနဲ ချမိ၏။

*"ငွေက လိုဦးမှာ..သမီးရဲ့..။ သမီးအဖေ မသွားခင်က ပေးခဲ့သေးတယ်ဆိုပေမဲ့ မလောက်ဘူး။ ဒါကြောင့်...."*

ကိုစိန်ခန့်ရယ်..ရှင်က..ဒီအတွက် ကြိုပေးခဲ့တာလား။ ဒေါ်မေမြက တွေးရင်း မျက်ရည်လည်လာ၏။ သမီးက သက်ပြင်းတစ်ချက် ချလိုက်သည်။

*"ဒါ ..ဒါဆိုလည်း..လုပ်ရမှာပေါ့လေ.."*

သမီးကိုကြည့်ရင်း လေကို အားသွင်းသလို တစ်ဂျိုက်လိုက်၏။ ပြီး..တူနှင့်ဆောက်ကို တင်းတင်းဆုပ်လျက် အခန်းတံခါးဆီသို့ တဖြည်းဖြည်း ချဉ်းကပ်လိုက်သည်။

*"ဒုန်း..ဂလောက်..ဂလောက်..ဂလောက်..ဒုန်း..ပုန်း.."*

*"အမလေး.."*

ပိတ်ထားသောတံခါးဆီမှ တစ်စုံတစ်ခုကို ဆောင့်ပိတ်လိုက်သကဲ့သို့သော အသံများ၊ သော့ခလောက်များကို ပြင်းပြင်း လှုပ်ခါလိုက်သကဲ့သို့သော အသံများ၊ ခြေကန်သံများ ဆက်တိုက်လိုလို ကြားလိုက်ရ၍ သားအမိနှစ်ယောက်မှာ နေရာတွင်ပင် အထိတ်တလန့် အော်မိရင်း အတောင့်သား ရပ်လိုက်မိကြ၏။ နှစ်ယောက်သား ပူးကပ်ဖက်တွယ်လျက် တုန်ယင်နေသည်။

*"မဖြစ်..ဖြစ်..ဘူး..ထင်တယ်..အ..မေ.."*

*"အင်း..အင်း.."*

သမီးဖြစ်သူကို ဒေါ်မေမြက တဆတ်ဆတ် ခေါင်းညိတ်ပြရင်း သားအမိနှစ်ယောက် ကမန်းကတန်း နောက်ပြန်ဆုတ်လာသည်။ ထိုအခါ အသံများက တိခနဲ ရပ်သွားသလို ထင်ရ၏။

*"ပြန်..ပြန်ဆင်းကြ..ပါစို့..အမေရယ်..။ဟို..ဖွင့်မှ ဖြစ်မယ်..ဆိုရင်လည်း..ဦးလေးတို့ ယောကျာ်းတွေကိုပဲ..ခေါ်ဖွင့်..ခိုင်း..ခိုင်း.."*

*"ပုန်း..ဒုန်း..ဒုန်း..ပုန်း.."*

*"အား..အမလေး...."*

သားအမိနှစ်ယောက် တိုင်ပင်ထားသည့်အလား ချာကနဲနောက်ပြန်လှည့်ကာ လှေကားမှ ဆင်းပြေးမိကြတော့သည်။

*"ဟ..ဟ.. မေမြ..ဘာဖြစ်တာလဲ..ဟ"*

ကနားဖျင်းထိုးထားသော အိမ်ရှေ့ကွက်လပ်ရှိ ခုံများဆီမှ ဦးလေးထွန်းနှင့်လူအချို့က ပိုင်းမေးရင်း မြန်းရင်း အိမ်ထဲသို့ ပြေးဝင်လာကြသည်။

*"ဟဲ့..လက်ထဲမလည်း တူနဲ့ ဆောက်နဲ့။ ဘာလုပ်နေတာတုံး.."*

*"အဲ..ဟို..ဟို..အခန်း..အဲ..ဟုတ်ဘူး..အစ်ကို.."*

ဒေါ်မေမြမှာ အယောင်ယောင် အမှားမှားနှင့် ပြောမိမလို ဖြစ်ပြီးမှ တန်းလန်း ရပ်လိုက်ရသည်။ သားအမိနှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၏။

*ဟဲ့…မေမြ..ဘာဖြစ်တာလဲ..ဘာလုပ်နေတာလဲ..ဆို.."*

*"အဲ..မဟုတ်ဘူး..အစ်ကိုထွန်း..ဟို..သေတ္တာသော့ပိတ်မိနေလို့ ..ဖွင့်..ဖွင့်နေတာပါ"*

*"ဩော်..ဖွင့်လို့ ရပလား..။ ငါဖွင့်ပေးမယ်လေ.."*

*"အို..ဟင့်အင်း….မဖွင့်..အဲ..မလို..မလိုတော့ပါဘူး..ဖွင့်လို့ ရသွားပါပြီ အစ်ကို"*

မူပျက်နေသော သားအမိနှစ်ယောက်ကို အစ်ကိုထွန်းက မျက်မှောင်ကြီးတွန့်ကာ စူးစမ်းနေ၏။ ဒေါ်မေမြက သူ့အစ်ကိုကို မရိပ်မိသွားဖြ တစ်ချက်ပြုံးပြလိုက်သည်။

*"ရပြီ..ဖွင့်လို့..ရသွားပြီ..ဟို..လုပ်စရာရှိတာ..လုပ်ကြပါ..ရပါပြီ.."*

ပြောမိပြောရာ အဆီအငေါ်မတည့် ပြော၏။ ညီမကို စူးစူးကြည့်နေသော အစ်ကိုထွန်းက ပခုံးတစ်ချက်တွန့်လိုက်ရင်း ကျန်လူများနှင့်အတူ အိမ်ထဲမှပြန်ထွက်သွားကြလေသည်။

*"ဘယ်လိုလုပ်မလဲ..အမေ"*

ဒေါ်မေမြ ခေါင်းကုတ်လိုက်၏။

*"အမေ့ ရွှေထည်အချို့ပဲ အပေါင်ထား သုံးလိုက်တော့မယ်။ ဖွင့်ဖို့ မပြောနဲ့၊ ကပ်လို့တောင်မှ မရတဲ့ဟာ..ဘယ်လိုလုပ်မလဲ..။ သူများ ခေါ်ဖွင့်ခိုင်းမယ်ကြံတော့လည်း သမီး တွေ့တဲ့အတိုင်း.."*

သမီးကပါ ဒုတိယခေါင်းကုတ်သူ ဖြစ်သွား၏။

*"ခက်တာပဲ..။ သူများလည်း ဖွင့်မပြောရဲနဲ့။ သမီးအဖေက အဲလိုငွေတွေ အိမ်မှာထားတာကို မိသားစုကလွဲပြီး ဘယ်သူ့မှ မပြောရဘူးဆိုတဲ့ စည်းကမ်းကြီး တင်းတင်းထုတ်ထားတာ..။ သော့ကလည်း သူ့တစ်လက်ကိုင်ဆိုတော့ ဘယ် ထားခဲ့လို့ ထားခဲ့မှန်းလည်း မသိ၊ ရှာလည်း မတွေ့နဲ့..။ အိမ်သားတွေ သော့ဖျက်ဖင်မယ်ဆိုတာတောင် တွေရဲ့ မဟုတ်လား..။ သူများပါ ပြောပြီး ခေါ်ဖွင့်ခိုင်းမယ်ဆိုရင်တော့ ပြီးပါလေရော.."*

*"နောက်ကိစ္စတွေ ပြီးတော့ရော..ဘယ်လိုလုပ်ကြမလဲ အမေ..။ ငွေက တစ်သက်လုံး မယူလို့မှ မဖြစ်တာ.."*

ဒေါ်မေမြက စိတ်ရှုပ်စွာ ခေါင်းယမ်းသည်။ သောကတွေအထဲ မျက်ရည်လည်း ဝဲလာ၏။ သူမကို မော်ကြည့်ကာ အဖြေစောင့်နေသော သမီးဖြစ်သူ၏ ခေါင်းလေးကို ပွတ်သပ်လိုက်ရင်း..

*"အချိန် စောင့်ရမှာပေါ့ သမီးရယ်.. အချိန် စောင့်ကြည့်ရမှာပေါ့.."*

*%%%%%%%%%%%%%%%%%%%%%%%%%%%%*

(၂)

*"ဘာလဲ..ညည်းတို့ ပိုက်ဆံ ပေးနေရမှာ စိုးလို့လား..မပေးရပါဘူးတော်..။ ငါ့စရိတ်နဲ့ ငါ သွားမှာပါ.."*

ငါ့စရိတ်နဲ့ ငါ သွားမှာပါ..။ ငါ့စရိတ်နဲ့ ငါ သွားမှာပါ..။

အမေ….။ စုထွေးရင်ထဲမှ အမေ့ကို အကျယ်ကြီး အော်ခေါ်မိ၏။

အမေ့စရိတ်နဲ့ အမေ သွားတာပေါ့လေ..ဟုတ်လား..။ အဲဒီစကားက နိမိတ်ဆိုတာ သမီး ဘာလို့..ဘာလို့.. မသိရတာလဲ…၊ မသိရတာလဲ..။ ဒီလိုမှန်းသိ…အမေ့စိတ်ဆိုးခံပြီး သမီး ဖွတ်တားခဲ့မိမှာ..။

မျက်နှာမှောက်ကာ စုထွေး တနင့်တနဲ ငိုမိပြန်၏။

*"စု..တိတ်ပါကွာ..။ စိတ်ကိုလည်း ဖြေပါဦး..။ တော်ကြာ..စု..လဲသွားလိမ့်မယ်။ ဖြစ်ပြီးမှတော့ ဘယ်လို အကောင်းဆုံး လုပ်နိုင်မလဲပဲ စဉ်းစားကြရအောင်။ ငိုနေလို့ ပြီးမှာမှ မဟုတ်တာ..နော်..စု.."*

ခင်ပွန်း ကိုတေဇာက စု ပခုံးကို အသာဖက်ကာ ချော့သည်။ စုထွေးက အားတင်း၍ ခေါင်းမော့လိုက်၏။ သို့တိုင် မျက်ရည်များက သူမ၏ ပါးပေါ်သို့ စီးကျလာနေဆဲ ဖြစ်သည်။

*"စု ပြောတယ်..၊ စု..ပြောပါတယ်..။ မသွားပါနဲ့ဆိုတာ တားမရဘူး။ အမေက..ဇွတ်..ဇွတ်..။ အဲလို ဇွတ်တရွတ်လုပ်လို့ ဖြစ်ရတာ..။ အမေ..အဟင့်..ဟင့်..ရှုတ်.."*

*"ဖျော..ဖရော..ဖရော…."*

စုထွေး ဂမ်းပန်းတနည်း ငိုနေဆဲ မလှမ်းမကမ်းရှိ စားပွဲပေါ်မှ စုထွေး၏ စာရင်းစာရွက်အချို့က ဖျောခနဲ လွင့်ကျလာသည်။ လေမတိုက်ပါဘဲ လွင့်လာသောစာရွက်များကို မျက်ရည်များကြားမှ စုထွေး ငေးကြည့်နေမိ၏။ ကိုတေဇာက စုထွေးအား တစ်ချက် ကြည့်ကာ ထ၍ စာရွက်များကို လိုက်ကောက်နေသည်။

*"ကျီ….ကျီ.."*

စုထွေးက ချာခနဲလှည့်ကာ နံရံကပ်ဆေးဗီရိုလေးကို လှမ်းကြည့်မိလေသည်။ ဗီရိုက ပိတ်လျက်သား ရှိနေ၏။ ထိုဗီရိုလေး၏ တံခါးပတ္တာမှာ ကြပ်နေသဖြင့် အဖွင့်အပိတ်တွင် သည်သို့ အသံတကျီကျီ မြည်တတ်လေသည်။ ယခု..မည်သူမျှလည်း မဖွင့်ပါဘဲ…

စုထွေးမှာ  အမေ့ကို ကွက်ခနဲ မြင်ယောင်လိုက်မိ၏။ တိုင်ကပ်နာရီကို အမှတ်မဲ့ လှမ်းကြည့်သည်။ ငါးနာရီခွဲ….။ သည်အချိန် သည် အမေ ညစာစားပြီး၍ ဤဆေးဗီရိုကိုဖွင့်ကာ အားဆေးယူတတ်သော အချိန်တည်း။

*"အစ်ကိုတေဇာရေ..အစ်ကို.."*

အိမ်ရှေ့ခြံဝင်းဆီမှ ခေါ်သံကြောင့် ကိုတေဇာက လွင့်ကျနေသောစာရွက်များကို ကောက်ကာ စားပွဲပေါ် ပြန်တင်နေရာမှ စုထွေးကို လှမ်းကြည့်သည်။ ထိုနောက် ဧည့်ခန်းထဲမှ ထွက်သွား၏။

***"အစ်ကို..ဖိတ်စာတွေ ရလာပြီ..။ ကျွန်တော်တို့ ဒီညနေပဲ လိုက်ဝေလိုက်တော့မယ်"***

***"အေး..အေး..စောစောဝေထားလည်း အလုပ်တစ်ခု ပြီးတာပါပဲ.."***

ခင်ပွန်းသည်တို့ စကားကို နားထောင်ရင်း စုထွေး ထရပ်လိုက်၏။

ငိုနေလို့ မပြီးသေးဘူးလေ..။ လုပ်စရာတွေက ရှိသေးတယ်..။

စုထွေးက ငိုထားသောမျက်နှာကို သစ်ရန် ရေချိုးခန်းဘက်ဆီ လျှောက်လာ၏။

*"ရှပ်..ရှပ်..ရှပ်..ရှပ်.."*

စုထွေးနောက်မှ လိုက်လာသော ခြေသံ။ သူမ လှည့်ကြည့်လိုက်၏။ မည်သူမျှ မရှိ။ ဖြစ်စ နေ့ကတည်းက စုထွေးသွားရာ သည် ခြေသံ ကြားရသည်။ ***အမေ..။***

စုထွေး မျက်ရည် လည်လာပြန်သည်။ အမေ စုထွေးဆီမှာ ရှိနေသည်ကို စုထွေး သိသည်။ အမေ့ အသုဘအတွက် လာကူသူများက ***ဒေါ်ခင်ပိုင်းကို အိမ်ရှေ့ ဂရံတာမှာ လှမ်းတွေ့တယ်။ ဒေါ်လေးပိုင်း ခြံထဲမှာ ဖျတ်ခနဲ လျှောက်သွားတာ တွေ့တယ်။ ဟိုမှာ မြင်တယ်၊ သည်မှာ ကြားတယ်***….စသဖြင့် အထိတ်တလန့် လာပြောကြသည်။

စုထွေးမှာ ကြားတိုင်း ချုံးပွဲချ ငိုရ၏။ ကြောက်စိတ်ထက် အမေ့ကို သနားခြင်းကြီးစွာ ဖြစ်ရသည်။ အစွဲ ကြီးလွန်းလှသော အမေ….။ သမီးကို ချစ်လွန်းသော အမေ..။

စုထွေးကိုယ်တိုင် အမေ့ကို ရိုးတိုးရိပ်တိတ် တွေ့မိသလို မကြာခဏကြုံရသည်။ စုထွေးသာမက သူမအစ်ကို ကိုလေးလည်း ထိုသို့ တွေ့မိသည်ဟု ဆိုသည်။ မောင်နှမနစ်ယောက် ကြေကွဲစွာ ငိုကြရ၏။

မနေ့က အမေ့အသုဘချတော့ ငိုနေသော စုထွေးတို့မောင်နှမနားမှာ အမေသုံးနေကျ အမေ့အကြိုက်ဆုံး ဂိုရာပေါင်ဒါနံ့ တထောင်းထောင်း ရနေခဲ့သည်။ နောက်ပိုင်း စုထွေးရှိရာ နေရာတိုင်းတွင် စိတ်ထင်၍လားတော့ မသိ၊ အမေ၏ခြေသံဖြစ်စေ၊ ပေါင်ဒါနံ့ဖြစ်စေ၊  ကြားနေ၊ ရနေသလို ရှိလေသည်။

*နောက် နှစ်ရက်လောက်ဆိုရင် အမေ ရက်လည်တော့မယ်။ သားစွဲ သမီးစွဲ….အချစ်ကြီးလှတဲ့အမေ..၊ သမီး ဘယ်လို နှင်ရက်မလဲ..။ ဘဂကလည်း ခြားပြီ..အမေရဲ့..။ အမေ နေလို့ မရတော့ဘူး..။ ဒီ စွဲစိတ်တွေကိုတော့ ငဲ့စရိတ်..ဆိုပြီး ယူမသွားပါနဲ့….ယူမသွားပါနဲ့..အမေ။*

စုထွေး….ရေခွက်ကို ပစ်ချပြီး ရှိုက်ကြီးတငင် ငိုမိလေတော့သည်။

%%%%%%%%%%%%%%%%%%%%%%%%%%%%%%%

(၃)

သည်ရွှေပြည်သာမှာ ကိုစိန်ခန့်၏ပွဲရုံက အကြီးဆုံးဖြစ်သည်။ ကိုစိန်ခန့်မိဘများ လက်ထက်ကပင် ဆန်၊ဆီ၊ငရုတ်၊ကြက်သွန်ဖြူ/

နီ၊ ပဲမျိုးစုံတို့ကို ***"ငွေပွားပွဲရုံ"*** အမည်ဖြင့် လက်လီ လက်ကား ရောင်းဝယ်ဖောက်ကားလာခဲ့၏။

မိဘများ ကွယ်လွန်သွားကြပြီးနောက်ပိုင်း သားကြီး ကိုစိန်ခန့်က ပွဲရုံကို ဆက်၍ လည်ပတ်ခဲ့သည်။ ကိုစိန်ခန့်၏ အောက်တွင် ညီမလတ် ခင်ပြုံးရီနှင့် အငယ်ဆုံးညီမထွေး သီသီတို့ ရှိသော်လည်း မိန်းမသားများဖြစ်၍ အစ်ကိုကြီး ကိုစိန်ခန့်ကသာ ပွဲရုံကို ဦးစီး စီမံခဲ့လေသည်။

ကိုစိန်ခန့်ကား သားကြီးဖြစ်သည့်အလျောက် မိဘများ၏ ပွဲရုံလုပ်ငန်းကို ကျောင်းတစ်ဖက်ဖြင့် အားလျှင် အားသလို ဝင်ရောက် ကူညီခဲ့ရ၏။ ပွဲရုံလုပ်ငန်းနှင့်ပတ်သက်၍ ဖခင်၏သင်ပြမှုအပြင် ကိုယ်တိုင် ကိုယ်ကျ လက်တွေ့ပါဝင် လုပ်ခဲ့ရသူ ဖြစ်ခြင်းကြောင့် အရာရာ ကျွမ်းကျင် နားလည်ခဲ့သည်။ ပြောရလျှင် ဖခင် ဦးဘတုတ်ထက်ပင် ပို၍ အလုပ်ကို လာဘ်မြင်၏။ ကုန်ဈေးအတက် အကျရိပ်ကို ခန့်မှန်း ကြိုမြင်တတ်၏။ ကိုစိန်ခန့်၏ အကြံပေးမှုဖြင့် ဖခင်ဝယ်ယူလိုက်သောကုန်မှာ မကြာမီပင် သားဖြစ်သူ၏ ခန့်မှန်းချက်အတိုင်း တက်ဈေးကောင်းကောင်းရကာ များစွာ မြတ်စွန်းခဲ့ရသည်များ မကြာခဏ ရှိခဲ့လေသည်။

ထို့ကြောင့် ဖခင်ဦးဘတုတ်က သားကြီးကို အားကိုးသည်။ သားကြောင့် အမြတ်ပိုရခဲ့ခြင်းအတွက် ကိုစိန်ခန့်အား အမြတ်ငွေမှ တချို့တစ်ဝက်ကို ဆုအနေနှင့် ဘဏ်တွင် အပ်ပေးခဲ့၏။သို့ဖြင့် ကိုယ်ပိုင်ငွေလေးများ တစ်စ တစ်စ တိုးပွားလာသောအခါ ကိုစိန်ခန့်မှာ ကျောင်းပညာရေးကို စိတ်မဝင်စားတော့၊ စီးပွားရေးလုပ်ရန်သာ အားသန်လာခဲ့၏။ နောက်ဆုံး ဆယ်တန်းတစ်ခါကျသည်နှင့် ထပ်မဖြေတော့ဘဲ ပညာရေးကိုရပ်ကာ ပွဲရုံလုပ်ငန်းထဲ ခြေစုံပစ် ဝင်ခဲ့တော့သည်။

ကိုစိန်ခန့်၏မိဘနှစ်ပါး အသက်အရွယ် ကြီးရင့်၍ အသီးသီး မျက်ကွယ်ပြုသွားချိန်တွင်ကား ကိုစိန်ခန့်လည်း အိမ်ထောင်ကျ၊ သားနှင့် သမီး၊ နှစ်ဦး ပွားစီးပြီး အသက်ငါးဆယ် နီးသကဲ့သို့ ***"ငွေပွားပွဲရုံ"*** မှာလည်း ထိုမြို့တွင် အကြီးဆုံးပွဲရုံကြီး ဖြစ်နေတော့သည်။

ညီမအပျိုကြီး ခင်ပြုံးရီ နှင့် အပျိုကြီးဖြစ်လတ္တံ့သော ညီမထွေး သီသီတို့မှာလည်း အစ်ကိုဖြစ်သူနှင့်သာ တူ၊တူမများကို ထိန်းကျောင်းရင်း အေးချမ်းစွာ နေထိုင်ခဲ့ကြလေသည်။

ကိုစိန်ခန့်၏ ဖခင်ဦးဘတုတ်မှာ လူရိုး လူဖြောင့် ဖြစ်၏။ အချိန် အတွယ်၊ အရောင်းအဝယ် မှန်ကန်၏။ စကားတည်၏။ သူတစ်ပါးကို ကျော်ခြင်း၊ ဖြတ်ခြင်းမျိုး မလုပ်။ ထို့ကြောင့် ငွေပွားပွဲရုံမှာ နာမည်တစ်လုံးဖြင့် သိက္ခာရှိရှိ ခန့်ထည်ခဲ့သည်။

ကိုစိန်ခန့်လက်ထက်တွင်မူ ပွဲရုံသည် ဖခင်လက်ထက်ကထက်ပင် ပို၍ အောင်မြင်ကြီးထွားလာခဲ့သည်။ သို့သော် ကိုစိန်ခန့်က ဖခင်လို လူရိုး လူအေးမဟုတ်။ လူသွက် လက်သွက် ဖြစ်သည်။ မည်သူ့ကိုမဆို ကျော်၍ ရလျှင် ကျော်သည်။ ဖြတ်၍ရလျှင် ဖြတ်သည်။ ငဲ့ကြည့်ခြင်း မရှိ။ စည်း မထား။ ရောင်းဝယ်ရာတွင်လည်း ကိုယ်က အသာစီးရမှ ကျေနပ်သည်။ မကင်းရာ မကင်းကြောင်း လူဖြစ်လျှင် ဈေးနှိမ်ဝယ်၏။ သူက ရောင်းလျှင်လည်း သူများထက် ဈေးပိုတင်ရောင်း၏။

တစ်ဖက်လူမှာ သူ့ထံမှ ငွေကြေး သို့မဟုတ် တစ်စုံတစ်ရာ အကူအညီ ယူဖူးသူဖြစ်၍ မငြင်းသာ၊ မငြင်းနိုင်။ ကိုစိန်ခန့် ပြောတိုင်း အောင့်သက်သက်နှင့်ပင် ပြီးရတော့သည်။

ကိုစိန်ခန့်က လုပ်ငန်းလည်း ကျွမ်း၊ ငွေအားလည်း တောင့်၊ အဆက်အသွယ်လည်း များသဖြင့် သူနှင့်ယှဉ်၍ လှန်နိုင်သူ မရှိချေ။ သို့အတွက် ကိုစိန်ခန့်၏ ငါတစ်လုံး မာန်တက်မှုသည် ကြီးထွားသည်ထက် ကြီးထွားလာ၏။ ခနမာန်ဖြင့် လူတိုင်းကို သူ့အောက်လက်လို ဆက်ဆံတတ်၏။ လုပ်ငန်း၊ပညာမာန်ဖြင့် လုပ်ဖော်ကိုင်ဖက်နှင့် ငယ်သားကို အပေါ်စီး ဆရာကြီးလုပ်၏။ သူစိမ်းကို မဆိုထားနှင့်၊ မိသားစုပေါ်တွင်ပင် မှားမှား မှန်မှန်၊ ငါ့စကားသာအတည် လုပ်၏။ သူ့လောက် တတ်သူ တော်သူမရှိ ထင်၏။ သူပြောတိုင်း ပြီးစေရ၏။ မိသားစုမှာ သူချသည့်ဘောင်အတွင်းသာ နေခွင့်ရှိ၏။

ကိုစိန်ခန့်သည် ငွေကို မက်မောသည်။ သူ့လက်ထက်တွင် သူရှာဖွေရရှိသမျှကို ဘဏ်သို့ မအပ်။ ငွေစု၊ ရွှေစု၊ စိန်စု၏။ ငွေခန်းသီးသန့်ထားကာ ငွေများ၊ ရွှေများ၊ စိန်များကို သေတ္တာကြီးများနှင့် အခန်းတွင်း သော့အထပ်ထပ်ခတ်ကာ ထပ်ထား၏။ အခန်းသော့ကို သူတစ်ဦးတည်း ကိုင်သည်။ သူ့ငွေခန်းကို ဇနီး၊ သားသမီးများပင် ဝင်ခွင့် မရှိ။ ငွေလိုလျှင် သူ့ကို ပြောရသည်။ လိုငွေကို သူကိုယ်တိုင် ထုတ်ပေး၏။

ဇနီးသည်က အိမ်တွင် ငွေများထားသည်မှာ သူခိုး၊ ဓားပြ၊ ရန်သူမျိုးငါးပါးရန် ကြောက်ရ၍ ဘဏ်တွင်အပ်ထားရန် ပြောဖူးသည်။ ကိုစိန်ခန့်က လက်မခံ။ သူက အိမ်တွင် ငွေများ ထားကြောင်းကို ဇနီးနှင့် သားသမီးများအား လျှို့ဝှက်ထားစေ၏။

ငွေနှင့်ပတ်သက်လျှင် တင်းကြပ်သော စည်းကမ်းနှင့် တစ်စုံတစ်ရာ ပေါက်ကြား ဖောက်ဖျက်က မည်သူ့ကိုမဆို လုံးဝ ညှာတာမည်မဟုတ် ဆိုသော တစ်ချက်လွှတ်အမိန့် ထုတ်ထားသည်။

ငွေခန်းမှငွေကို မပြောနှင့်။ ပွဲရုံမှ အရောင်းအဝယ်ငွေကြေး အနည်းငယ်မျှကိုပင် သူခွင့်မပြုဘဲ ယူသုံးခွင့် မရှိ။ တစ်ခါက သူ အပြင်သွားခိုက် ဇနီးဒေါ်မေမြက ပစ္စည်းဝယ်ရင်း ငွေနည်းနည်းလိုသဖြင့် အိမ်ပြန်ငွေယူရန်လည်း အချိန်မရသောကြောင့် နီးသော ပွဲရုံသို့ဝင်ကာ ကုန်ကြွေးရငွေထဲမှ ငွေငါးထောင် ဝင်ယူမိ၏။

ကိုစိန်ခန့်ပြန်လာ၍ သိသောအခါ ဒေါသူပုန်ထလျက် သောင်းကျန်းတော့သည်။ မည်သည့် အကြောင်းပြချက်မျှ မလိုချင်။ ဒေါ်မေမြအား အိမ်အသုံးစရိတ်ကို လုံလောက်သည့်အပြင် ပိုလျှံအောင်ထိ ပေးထားပြီးဖြစ်၍ လိုလျှင် ထိုပေးထားသောငွေမှ ပြန်ယူ။ နောင် ဘယ်သောအခါမျှ သူ မသိဘဲ ပွဲရုံငွေ၊သူ့ငွေကို မယူရ၊ မသုံးရဟု ကောင်းကောင်း အဆူအကြိမ်း ခံလိုက်ရ၏။ ထို့ပြင် ထိုသို့ ယူသုံးသည့်အတွက် ခဏယူငွေ ငါးထောင်မျှကို ပြစ်ဒဏ်အနေနှင့် ဆယ်ဆ ဖြတ်သည်ဟု ဆိုကာ ဒေါ်မေမြ၏ အိမ်သုံး စရိတ်ငွေထဲမှ ငါးသောင်းထိ ပြန်တောင်းခဲ့လေသည်။ ထိုနောက်ပိုင်း ဒေါ်မေမြမှအစ သားသမီးများမှာ ကိုစိန်ခန့်ငွေဆိုလျှင် ကိုစိန်ခန့်မသိဘဲ ငွေတစ်ရာပင် မထိ မကိုင်ရဲတော့။

ကိုစိန်ခန့်သည် အားလပ်သည်နှင့် သူ့ငွေခန်းထဲဝင်ကာ တံခါးပိတ်၍ တစ်သေတ္တာပြီး တစ်သေတ္တာ ဖွင့်လျက် ငွေများကို ကိုင်တွယ်စစ်ဆေးနေလေ့ရှိ၏။ လျော့ မလျော့ စစ်ဆေးခြင်းကား မဟုတ်။ ပြောရလျှင် ဆိုက်ကိုတစ်မျိုးဟု ဆိုရမည်လား။ သူပိုင် စိန်၊ ရွှေငွေ များကို ကိုင်တွယ်ကြည့်ရှုရင်း ကျေနပ်နှစ်သိမ့်နေတတ်ခြင်းပင် ဖြစ်ပါ၏။

%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%

***" မေမြရေ..မနက်ဖြန် ငါ ခရီးထွက်မယ်။ ပြင်ထားပေါ့.."***

တစ်နေ့ ၊ ပွဲရုံမှအပြန် ကိုစိန်ခန့်က ဇနီးသည်ကို အိမ်အဝင်မှ ဆီးပြောလိုက်၏။

***" မွန္တလေးတင်လား..ရှမ်းပြည်အထိ တက်မှာလား..ကိုခန့်.."***

ဒေါ်မေမြက ပြန်မေးသည်။ ရှမ်းပြည်နယ်ထိဆိုလျှင် အနွေးထည် လုံလောက်အောင် ထည့်ပေးရန် ဖြစ်သည်။

***" အင်း..သေတော့ မသေချာသေးဘူး..။ မွန္တလေးရောက်မှ ရောက်ကုန် အခြေအနေအရ ငါမှာတဲ့အတိုင်း မရရင်တော့ ဟိုထိ တက်ဂယ်မယ်"***

ဒေါ်မေမြ ခေါင်းညိတ်လိုက်၏။ ခင်ပွန်းသည်က သည်သို့ပင် မကြာခဏ ခရီးထွက်ရတတ်သည်မို့ အိမ်သားများအဖို့ မဆန်း ပြီ။ သို့သော် သည်တစ်ခေါက် ဆန်းသည်ကား ကိုစိန်ခန့်ဖြစ်၏။ ရေမိုးချိုး၊ ထမင်းစားပြီးနောက် သူ့ငွေခန်းထဲ ဝင်သွားသည်။ ပြန် ထွက်လာတော့ ငွေတစ်ထုပ်နှင့်။

***" ရော့..မေမြ ..အသုံးစရိတ် ယူထားဦး.."***

***" ဟင်..ကိုခန့်..၊ ခုမှ လဂက်တောင် မကျိုးတတ်သေးဘူး..။ ပေးတာ စောလှချည်လား။ မေမြမှာ ရှိသေးတယ်လေ.."***

***" အေး...၊ ရှိမှန်း သိပါတယ်။ ဒါပေမဲ့ ငါ ရှမ်းပြည်ဘက် တက်ဖြစ်ရင် တရုတ်နယ်စပ်ထိ သွားချင် သွားဖြစ်မှာ..။ ကြာချင် ကြာမှာလေ။ နောက်ပြီး မနေ့က ပဲအိတ်တွေ ဈေးကောင်းရလိုက်တော့ အတော်ကျန်တယ်။ ဒါကြောင့် ကလေးတွေ လည်း လိုချင်တာ ဂယ်ရအောင်လို့ ပေးတာ.."***

ပြောပြောဆိုဆို ဒေါ်မေမြလက်ထဲ ငွေထုပ်ထည့်သည်။ သည်တစ်ခါ ခါတိုင်းထက်ပိုသော ငွေများကြောင့် ဒေါ်မေမြ ပျော်ရ သည်ပဲလေ..။

%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%

(၄)

***" ဟင်....အမေ....မုန့်ဟင်းခါး မစားသေးဘူးလား...ဟင်းရည်တွေတောင် အေးကုန်ပြီ"***

ဟင်းပန်းကန်ကို အုပ်ဆောင်းအောက်သို့ ထည့်လိုက်စဉ် မစားရသေးသော မုန့်ပန်းကန်ကိုမြင်ကာ အိပ်ခန်းထဲမှ အမေ့ကို စုထွေး လှမ်းပြောလိုက်၏။ အထဲမှ တုံ့ပြန်သံ ထွက်မလာ။

စုထွေးက အိပ်ခန်းဝမှ ခေါင်းထိုးကာ လှမ်းကြည့်၏။ အမေသည်လက်တစ်ဖက်က ပုတီးကို ကိုင်လျက် အိပ်ရာပေါ်တွင် တစ်ဖက်လှည့်ကာ လှဲနေသည်။

***"အမေ...မုန့်ဟင်းခါးတွေ အေးကုန်ပြီ...။ စားတော့လေ.. အမေ...အမေ့...."***

အမေက မလှုပ်။ ပုတီးကိုသာ တချောက်ချောက် စိပ်နေသည်။ စုထွေး သိလိုက်သည်။ အမေ စိတ်ကောက်နေလေပြီ။ *စုထွေး ရုံးသွားဖို့ ရေချိုးရငီးမှာကို အချိန်မရှိရတဲ့အထဲ အမေက ကောက်နေပြန်ပါပြီ။*

စုထွေးက အမေ့နားသွားကာ ချော့လျက် ဆွဲထူ ခေါ်ရတော့၏။

***"မစားချင်ပါဘူးအေ.....၊ လူကိုများ ခွေးကျွေးသလို စားပွဲပေါ် တင်ထားလိုက်တာပဲ။ ခေါ်တယ် ပြောတယ် မရှိဘူး"***

***"ဟောတော့...အမေရယ်။ ဘယ်လိုပြောလိုက်တာလဲ.."***

***"ဟုတ်တယ်လေ..။ တကယ်ဆိုရင် ..အမေ..မုန့်လာစား..ဘာညာ..ခေါ်ရမှာပေါ့..။ ခုတော့..စားပွဲပေါ် ဒီအတိုင်း တင်ထား. ..ပြီးရောတဲ့လား..."***

***"ဟင်..အမေ့ကို ခေါ်တယ်လေ..။ အမေ မကြားဘူးထင်လို့ အခန်းထဲတောင် ဝင်ခေါ်သားနဲ့။ အဲဒီတုန်းက အမေ ဘုရား ထိုင်ရှိခိုးနေတော့ ပြီးမှ ထွက်စားလိမ့်မယ် ထင်တာပေါ့.."***

အမေ စိတ်ကောက်ရခြင်းအကြောင်းကို တွေးမိပြီ။ မနက်က ခင်ပွန်းဖြစ်သူ ရုံးမသွားမီ မနက်စောစာပြင်ပေးစဉ် စုထွေး လည်း ဟင်းအိုးစောင့်ရင်း အတူ ထိုင်စားဖြစ်သည်။ အမေ့ကို စားရန် သွားခေါ်သော်လည်း အမေက ဘုရားရှိခိုးနေဆဲဖြစ်၍ လုပ်ရင်း ကိုင်ရင်း အမှတ်မဲ့ ဝင်စားမိခြင်း ဖြစ်လေသည်။ အမေက မည်သည့်အချိန်မြင်သည်မသိဘဲ ကောက်သွားခြင်းဖြစ်မည်ဟု စုထွေး သိလိုက်၏။

စုထွေးမှာ မနက်ဆိုလျှင် ခင်ပွန်းနှင့်သူမအတွက် ရုံးထမင်းဘူးအမီ တက်သုတ်ရိုက် ချက်ရသည်။ ခင်ပွန်းသည် ကိုတေဇာမှာ စုထွေးထက် ပိုစောထွက်ရ၏။ သူ့ရုံးဖယ်ရီက မနက်ခုနစ်နာရီခွဲဆိုလျှင် ရောက်နေပြီ။ စုထွေးတို့က အင်းစိန်တွင် နေသဖြင့် မြို့ထဲ ကမ်းနားလမ်းရှိ ရုံးသို့ အင်းစိန်လမ်းကြောဖယ်ရီက ကိုတေဇာအား အရင်ဆုံး ဝင်ကြိုခြင်းကြောင့် ဖြစ်လေသည်။

စုထွေးကလည်း ဌာနဆိုင်ရာ အရောင်းဆိုင်က မနက် ရှစ်နာရီခွဲတွင် ဖွင့်ရသဖြင့် ရှစ်နာရီမထိုးခင် အိမ်မှ ထွက်ရသည်။ ဆိုင်တာဝန်ခံဖြစ်၍ ဆိုင်သော့ကို စုထွေးက ကိုင်ထားရသောကြောင့် နောက်ကျ၍ မရ။ စုထွေးရောက်မှ သော့ဖွင့် ဝင်ကြရသည်။ ထို့ကြောင့် မနက်ဆိုလျှင် စုထွေးမှာ အချိန်လု လုပ်ရ၏။

အမေသည် နားအနည်းငယ် လေးသည်။ အမေနှင့်စကားပြောလျှင် ကျယ်ကျယ်ပြောရ၏။ တစ်ခါတစ်ခါ ကြားချင်ရာ ကြားပြီး အထင်လွဲ စိတ်ဆိုးတတ်သေးသည်။ အကျကောက်၊ ထင်ရာဆွဲတွေးတတ်သောအကျင့် စွဲနေသူဖြစ်လေသည်။ ငယ်စဉ် ကပင် စနေသမီး၊ စိတ်ကြီး စိတ်ကောက်သည်ဟု စုထွေးအဖွားရှိစဉ်က ပြောပြခဲ့ဖူးသည်။ ယခု အသက်ကြီးတော့ ချို့ယွင်းလာသော အသိစိတ်များက အဖျက်ဘက် ပိုဆွဲလာသည်။ နဂိုကပင် ဗူး ဆို ဖရုံမသီးဟု ခေါင်းမာတတ်၊ တစ်ယူသန်တတ်သူမို့ တစ်ခုခု အမေအထင်လွဲမိပြီဆိုလျှင် ရှင်းပြ၍ မရတော့။ နားမထောင်တော့။ ထမင်းမစား ဟင်းမစား ကောက်နေတတ်တော့သည်။

အမေသည် ကိုလေးနှင့် စုထွေး မောင်နှမနှစ်ယောက်ကို ချစ်ရှာပါသည်။ သို့သော် အမေ့ဇီဇနှင့် အကျင့်က ဖျောက်မရ တော့သည်လားမသိ၊ သား သမီးအပေါ်၌ပင် ဘာမဟုတ်သောကိစ္စလေးနှင့် မကြာခဏ စိတ်ဆိုး စိတ်ကောက်တတ်၏။ အမေ့ အကျင့်ကို သိပြီးဖြစ်၍ စုထွေးတို့ကပင် နားလည်ပေးရပါသည်။ အမေများက သားကို၊ အဖေများက သမီးကို ပိုချစ်သည်ဟု ကြားဖူး သော်လည်း အမေသည် စုထွေးကို သား ကိုလေးထက် ပိုချစ်သည်ဟု ထင်သည်။ သားကို ချစ်သော်လည်း ကိုလေးက ယောကျာ်း လေးမို့ အပြင်ထွက်၊ အလည်အပတ်များသည်ကို ကြည့်မရသည်လား မသိ။ အိမ်မြဲသော သမီးဖြစ်သူ စုထွေးအား အနေနီး၍ အချစ်ပိုလေသည်။

စုထွေးတို့ မောင်နှမ ပညာစုံကြသောအခါ ကိုလေးမှာ ကြင်ယာပါ စုံ၍ တိမွေးကုဆရာဝန်အဖြစ် စစ်ကိုင်းဘက် ပြောင်းရ ပြီး ဇနီးကလည်း စစ်ကိုင်းမှာပင် မိဘများ စီးပွားခွဲပေးသော ရွှေဆိုင်ခွဲဖွင့်ကာ မိသားစုနေကြသည်။ထိုစဉ်က စုထွေးမှာ အိမ်ထောင် မကျသေး။ ကိုလေး အိမ်ထောင်ကျပြီး နှစ်နှစ်လောက်တွင် အဖေဆုံး၏။ အမေနှင့် သားအမိနှစ်ယောက် အတူနေကြရင်း နောက်

ပိုင်း စုထွေးပါ အိမ်ထောင်ကျခဲ့သည်။

အမေသည် သူ့ကိုယ်သူသာ အစွဲကြီးသည်မဟုတ်။ သားသမီးနှင့် ပတ်သက်၍လည်း အစွဲကြီး၏။ စုထွေးတို့ ငယ်စဉ်ကပင် သားသမီးချင်း လာမယှဉ်နှင့်၊ တစ်ဖက်လူကို ပိသာလေးနှင့် ဘေးပစ်၊ မဆင်မခြင် ပြောပစ်တတ်၏။ ငယ်စဉ်က မသိသော်လည်း အရွယ်လေးရလာတော့ အမေ၏ တစ်ဖက်စောင်းနင်း အပြုအမူ၊ အပြောအဆိုများကြောင့် စုထွေးတို့မှာ တစ်ဖက်ကို အားနာကြရ သည်။ မျက်နှာပျက်ကြရသည်။ အမေသည် ငါ့သား၊ ငါ့သမီး ၊ ငါ့ပစ္စည်း၊ ငါ့....အစွဲ ကြီးလွန်း၍ အမေဖြစ်သမျှ ပြဿနာတိုင်း၌ အမေလွန်သည်ကသာ များတော့၏။

ကိုလေး အိမ်ထောင်ကျသောအခါ ကိုလေးမှာ အဂေးတွင်နေသူမို့ စုထွေးလောက် ကြုံဖူးမည် မဟုတ်။အမေသည် အဖေ မရှိတော့သည့်နောက်ပိုင်း စုထွေးအပေါ် ပို၍ အားကိုးလာသည်။ စုထွေး အိမ်ထောင်ကျသော် ခင်ပွန်းသည်ကို စုထွေးက ဇနီး မယား ဂတ္တရားနှင့်အညီ လုပ်ကိုင်ပေးလျှင် အမေက လင်ကို ပို၍ လုပ်ပေးသည် မြင်၏။ သူ့ထက် လင်ကိုသာ ပိုဂရုစိုက်သည်ဟု ကြံဖန်တွေးကာ ကောက်၏။

စီးပွားရေး၊ လူမှုရေး၊ ကိစ္စရှိ၍ လင်မယားနှစ်ယောက် တိုင်တိုင်ပင်ပင် ခေါင်းချင်း မဆိုင်လိုက်နှင့်၊ အမေ့ကိုတော့ ပစ်ထား သည်ဟုဆိုကာ တဖြစ်တောက်တောက် လုပ်တတ်၏။ တစ်ခါတစ်ရံ စုထွေးရုံးပြန်ချိန်နှင့် ခင်ပွန်းကိုတေဇာအပြန် ဆုံ၍ လမ်းထိပ် မှ လင်မယားနှစ်ယောက် အတူပြန်လာမိလျှင် *သူတို့နှစ်ယောက်က ချိန်းပြီး အေးအေးဆေးဆေး ပြန်လာတယ်။ ငါကတော့ မျှော် လို့..* ဟု ဆိုကာ စိတ်တိုတတ်၏။

အစည်းအဂေးရှိ၍၊ အလုပ်မပြတ်၍ စုထွေးအပြန်နောက်ကျနေလျှင် လင်နှင့် ချိန်း၍သွားနေသည်ဟု ထင်ကာ တွေးကောက် ပြီး စကားမပြော ရှိတတ်သည်။ ရှင်းပြလည်း မရ။ အမေချစ်ပုံက သည်သို့ ဖြစ်လေသည်။ သားသမီးကို အချစ်ကြီး၍ ငါ့သားငါ့သမီး အစွဲကြီးကာ တစ်ဖက်စောင်းနင်း အတွေးတွေ ပိုလွဲကုန်တော့သည်။

ယခုလည်း အမေ ကြံဖန်ကောက်နေပြန်ပြီ။ ကိုတေဇာ ရုံးထွက်သွားပြီးနောက် အမေ့ကိုလည်း ချော့မရနင့်၊ အဘွားထုံး နလုံးမူကာ စုထွေးမှာ မသိဟန်ဆောင်၍ ရုံးသွားရန် ပြင်ရတော့သည်။ မနက်ဆို အချိန်က ရုံးအမီ ကွက်တိကိုက် လုပ်နေရ၍ အမေ့ကို စောင့်ချော့ရန် အချိန်မရှိတော့ပါ။ စုထွေး ရုံးသွားပြီးလျှင် အမေ ထွက်စားပေလိမ့်မည်။ သည်လိုအဖြစ်မျိုးက စုထွေး အတွက် ရိုးနေပါပြီ။

**%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%**

***" ဪ..အစ်ကိုတင်စိုး ရောက်နေတာကိုး။ ဘယ်တုံးက ရောက်လဲ။ ကြီးကြီးမြင့်တို့ရော နေကောင်းကြရဲ့လား အစ်ကို"***

ညနေ ရုံးအဆင်း အိမ်တွင် တောင်ငူမှ အမေ့အစ်မသား၊ စုထွေး၏အစ်ကိုဂမ်းကွဲ ရောက်နေသည့်အတွက် စုထွေးက ဂမ်းပန်းတသာ နှုတ်ဆက်လိုက်၏။

***" နေကောင်းကြတယ် စုထွေး၊ အစ်ကိုရောက်တာတော့ မနက် ကတည်းကပဲ။ ရုံးကိစ္စနဲ့ လာတာဆိုတော့ ရုံးချုပ်တန်းဂင် ပြီး လုပ်စရာရှိတာတွေ လုပ်နေတာ။ ညနေမှ ဒီကို လာဖြစ်တယ်"***

***" နေရက် ရသေးတယ်မို့လား အစ်ကို၊ ထမင်းရော စားပြီးပြီလား။ ဒါနဲ့ ..အမေရော.."***

***" အင်း..စားပြီးပါပြီ။ မနက်ဖြန် ညနေကားနဲ့ ပြန်မယ်။ မနက်ပိုင်းဆို အလုပ်က ပြီးပြီလေ..။ ဒေါ်လေးပိုင်းလည်း တောင်ငူ လိုက်မလို့တဲ့။ ပစ္စည်းတွေ ပြင်နေတယ် ထင်တယ်။ အခန်းထဲမှာ.."***

***" ဟင်..အမေ လိုက်မလို့တဲ့လား.."***

စုထွေးမှာ အစ်ကို့ကို *'ခဏနော်'*.. ဟု ဆိုကာ အမေ့အခန်းတွင်း ဂင်ကြည့်မိ၏။ အမေသည် အမှန်ပင် အိတ်ပြင်နေလေ သည်။

***" အမေ..တကယ်လိုက်သွားမလို့လား.."***

အမေက စုထွေးကို စွေကြည့်ပြီး ခေါင်းညိတ်သည်။

***" အမေကလည်း..ဘာလို့လဲ။ သမီးကို စိတ်ဆိုးလို့လား.."***

စုထွေးက အမေ့ကိုဖက်ပြီး ချော့သည်။ အမေ့ပါးကို နမ်းသည်။ အမေ့မျက်လုံးများ ပြုံးလာ၏။ နှုတ်ခမ်းကတော့ စူဆဲ..။

*" မလိုက်ပါနဲ့လား အမေရယ်။ မိုးဦး လေဦးကြီး။ နောက် ပွင့်လင်းရာသီမှ သွားပေါ့....နော်..အမေ"*

*" မိုးမကျသေးပါဘူးအေ..။ ဆောင်းမှဆိုရင် ညည်းတို့ လိုက်ပို့နေရမှာ။ ခု..မောင်တင်စိုးလာတုန်း အဖော်လည်းရှိတုန်း.."*

*" အမေကလည်း..အစ်ကိုစိုးက အလုပ်တစ်ဖက်နဲ့ လာရတာ။ သီတင်းကျွတ်တော့ ကြီးကြီးမြင့်ကို ကန်တော့ဖို့ သမီးတို့လည်း သွားမယ့်ဟာကို၊ အဲဒီကျမှ သွားကြမယ်လေ ..နော်..အမေ.."*

အမေ မျက်နှာညို ့သွားသည်။

*" ဘာလဲ..ညည်းတို့ပိုက်ဆံ ပေးနေရမှာစိုးလို့လား။..မပေးရပါဘူးတော်.. ငါ့စရိတ်နဲ့ ငါ သွားမှာပါ.."*

*" ဟောတော်.."*

ပြေစပြုနေသည့်စိတ် ပြန်ကောက်သွားမည်စိုး၍ စုထွေး ဆက်မတားရဲတော့။ ငွေကြောင့်မဟုတ်ကြောင်းသာ ပြောရင်း အမေ လိုအပ်သည်များကို စီစဉ်ပေးရတော့သည်။ အမေသည် သူလုပ်ချင်ရာကို ဖွတ်လုပ်တတ်သူဖြစ်၍ သွားမည်ဆိုလျှင် သွားရမှ၊ တားမရတတ်သူ မဟုတ်လား။

**%%%%%%%%%%%%%%%%%%%%%%%%%%%%%%%**

**(၅)**

ထိုင်ခုံက ပြတင်းပေါက်ဘေးရသဖြင့် တော်သေးသည်။ ကိုစိန်ခန့်က သူ့အိတ်ကို အပေါ်စင်တွင် တင်လိုက်၏။ မန္တလေးမှ အမျိုးများနှင့် မိတ်ဆွေများကိုပေးရန် ဝယ်လာသော လက်ဆောင်ပစ္စည်းထုပ်ကလည်း ကြိမ်ခြင်းတစ်ခြင်းအပြည့်။ ဖိတ်စဉ်ရန်မရှိသော ပစ္စည်းအခြောက်များဖြစ်၍ အဂတ်အိတ်ဘေးတွင် ခြင်းကိုလှဲ၍ ကပ်တင်လိုက်သည်။ ပြီးပြီ။ ကိုစိန်ခန့်က ထိုင်ခုံပေါ်တွင် စိတ်အေးချမ်းသာ ထိုင်ချလိုက်၏။

*" ဘုန်း.."*

*" ဟ..ဟ....ဘာလဲ.."*

ကိုစိန်ခန့် လန့်သွား၏။ သူ့ဘေးခုံဆီသို့ ဘုန်းခနဲ ပစ်တင်လိုက်သော အိတ်။ ကိုစိန်ခန့် လှည့်ကြည့်မိသည်။

*" ဒေါ်လေးဂိုင်းကလည်း..ကျွန်တော်ဆွဲလာပါမယ်ဆို..မနိုင်မနင်းနဲ့ ..ဖွတ်ပဲ.."*

အသက်သုံးဆယ်ဝန်းကျင်ခန့် အမျိုးသားတစ်ဦးက သူ့ထိုင်ခုံဘေးတွင်ရပ်နေသော အဒေါ်ကြီးတစ်ယောက်ကို နောက်မှ လှမ်းပြောလိုက်သည်။ အဒေါ်ကြီးက လက်တွင်ဆွဲလာသော ပစ္စည်းအိတ်ကြီး၊အိတ်ငယ်များကို ကိုစိန်ခန့်၏ ဘေးထိုင်ခုံတွင် ထပ်၍ တင်လိုက်၏။

*" မင်း..အခေါက်ခေါက် သယ်နေရမှာ စိုးလို့ပေါ့"*

အဒေါ်ကြီးသည် ပြောရင်းနှင့် ပစ္စည်းတင်စင်ပေါ် လှမ်းကြည့်၏။ စင်ပေါ်တွင် ကိုစိန်ခန့်တင်ထားသော အိတ်နှင့်ခြင်းကို ဟိုတိုး သည်ကပ် နေရာရွှေ့နေသည်။ ကိုစိန်ခန့် မကြည်မလင်နှင့် မော်ကြည့်မိ၏။ သို့သော် ဘေးခုံခရီးသည်လည်း တင်ခွင့်ရှိသည်မို့ သူ မပြောသာ။

*" ဟဲ့..မောင်တင်စိုး..ဒီအိတ်ကို အပေါ်တင်ပေးဦး"*

ခုံပေါ်တွင်တင်ထားသော အိတ်ကိုညွှန်ပြပြီး အဒေါ်ကြီးက ပြောလိုက်၏။ မောင်တင်စိုးဆိုသူက လက်တွင်းမှ ခြင်းနှင့် အထုပ်များကို ချပြီး အိတ်ကို စင်ပေါ်တင်ပေးသည်။

*" ဟိုအိတ်ရော..တင်လိုက်"*

*" မဆန့်တော့ဘူး ထင်တယ်"*

*" ဆန့်ပါတယ်..ဟိုဘက်ကအိတ်နဲ့ ခြင်းကို နည်းနည်း ထပ်တိုးလိုက်လေ"*

ကိုစိန်ခန့် မော်ကြည့်ရပြန်သည်။ သူ့အိတ်နှင့်ခြင်းက ရှေ့ခုံ စင်ဘက်သို့ကျော်သွား၏။

*" ဟာ..ဒေါ်ကြီး....ကျွန်တော့်အိတ်တွေ သူများနေရာ ကျော်ကုန်ပြီဗျ.."*

*" မင်းကြိမ်ခြင်းက အပြားလိုက်ကြီး တင်ထားတာကိုးကွယ့်..။ ထောင်တင်လိုက်..ဆန့်ရောပေါ့။ ဟဲ့..မောင်တင်စိုး..*

***အဲဒီခြင်းကို စောင်းလိုက်စမ်း။ ပြီး..ဒီအိတ်ကို ကပ်လိုက်"***

ကိုစိန်ခန့် အဒေါ်ကြီးကို အမြင်ကပ်သွား၏။ *ငါ့ကိုများ လာကျောနေတယ်..။*

ကိုစိန်ခန့်..။ သူကသာ သူများအပေါ် ကျော်ချင်ကျော်မည်။ သူ့အပေါ် အကျောခံတတ်သူမဟုတ်၍ ဆတ်ခနဲ ထရပ်လိုက်သည်။ မျက်မှောင်ကြီးကုပ်ကာ ထရပ်လိုက်သောသူ့ကို မောင်တင်စိုးဆိုသူက အားနာဟန် ၊ တောင်းပန်ဟန်နှင့်ကြည့်ရင်း....

***"ဟာ..ဒေါ်လေးခင်ပိုင်းကလည်း..ဒေါ်လေး ရဲ့နှစ်အိတ်လုံးက ပစ္စည်းအပြည့် အကြီးကြီးတွေဥစ္စာ..။ နှစ်အိတ်လုံးတော့ ဘယ်ဆန့်မှာလဲ..။ ဟောဒီခြင်းကိုပဲ ထောင်ကပ်ထားလိုက်မယ်။ ဒီအိတ်ကိုတော့ ကျွန်တော့်ခုံပေါ်မှာ တင်ထားလိုက်မယ်လေ။ ကျွန်တော်က အိတ်တစ်အိတ်တည်း ပါတာဆိုတော့.."***

ပြောပြောဆိုဆို ကိုစိန်ခန့်ကို ပြုံး၍ လက်ကာပြရင်း ဘေးတွင်ချထားသောခြင်းကို အဒေါ်ကြီးအိတ်ဘေး ကပ်ထောင်ပေးလိုက်သည်။ ကျန်အိတ်များကို ဆွဲယူကာ ကားနောက်ပိုင်းခုံဆီသို့ သယ်သွား၏။ ကိုစိန်ခန့်က ရှုတည်တည်နှင့် ပြန်ထိုင်ချလိုက်သည်။

***"ဟဲ့..ဟဲ့..ညာဘက်ကအိတ် ပေးခဲ့ဦး..။ အဲဒီထဲမှာ စားစရာနဲ့ ငါ့ဆေးတွေ ပါတယ်။ လမ်း စားရဦးမှာ.."***

အဒေါ်ကြီးက မောင်တင်စိုးဆိုသူ၏လက်ထဲမှ လေးထောင့်ပလပ်စတစ်အိတ်ကို သွားဆွဲယူလိုက်၏။ ပြီး သူမ ထိုင်ခုံရှေ့ ခြေနင်းနေရာတွင် ချထားလိုက်သည်။ ထိုင်ခုံပေါ်တွင် ရှိနေသေးသော ကြွပ်ကြွပ်အိတ်အထုပ်ကိုပါ ချလိုက်ပြန်၏။ ထိုအခါ လေးထောင့်ပလပ်စတစ်အိတ်က ကိုစိန်ခန့်ထိုင်ခုံ ခြေချသည့်ဘက် ရောက်လာတော့သည်။

***"ကျွတ်.."***

ကိုစိန်ခန့်၏ စုတ်သပ်သံကြောင့် အဒေါ်ကြီးက စွေကြည့်၏။

***"အမလေး..နေရာများ..မျဉ်းဆွဲ စည်းသတ်မှတ်ထားသလိုပဲ..။ မဖြစ်စလောက်လေး သူ့ဘက်ရောက်တာနဲ့ ။ ဟင်း.."***

အာဂ အဘွားကြီး။ လူကြီးဖြစ်နေ၍သာ ကိုစိန်ခန့် ဒေါသကို မျို ချလိုက်ရ၏။

အမှန်တော့ အဒေါ်ကြီး၏ အထုပ်ပေါ်င်းများစွာကို ကိုစိန်ခန့် ကြံဖန် မြင်ပြင်းကပ်နေခြင်းကြောင့်သာ။ အပေါ်စင်မှာ အဒေါ်ကြီးပြောသကဲ့သို့ သူ့ကြိမ်ခြင်းကို ထောင်ကပ်၍ ရပါသည်။ အောက်ခြေနင်းမှာ ချထားသော အိတ်များကလည်း သူ့ခြေနှင့် အများကြီး လွတ်ပါသေးသည်။ အဂင် အထွက်တော့ ခက်ပေလိမ့်မည်။

*ဟင်း..ငါတော့..ကျော်ခွပြီးကို ထွက်မှာ..။*

ကိုစိန်ခန့် စိတ်တွင်းမှ ကြိမ်းလိုက်ပြီး တစ်ဖက်လှည့်ကာ ထိုင်နေလိုက်သည်။

သူ့မျက်နှာကမူ မကြည်မလင် ရှုသိုးသိုး ဖြစ်နေမည်မှာ မလွဲပါ။

**%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%**

*တကတည်းတော်..လူတွေများ..။*

ဒေါ်ခင်ပိုင်းက တစ်ဖက်ခုံမှလူကို နောက်ကွယ်မှ မျက်စောင်းထိုး၍ ကြည့်လိုက်သည်။

*ဟင်း..ဂုတ်စားထားတာတော့ သူဌေးဂိုက်။ လက်မှာလည်း လေးထောင့်ရွှေလက်စွပ် ပြူးပြူ းကြီးနဲ့။ နေရာများ..သူသေရာ ပါမဲ့အတိုင်း..။ သူ့ဘက် နည်းနည်းလေးရောက်တာနဲ့ ဘုကြည့် ကြည့်လို့..။ ဒီလောက် နေရာကျယ်ကျယ်လိုချင်ရင် အငှေးပြေး ကား မစီးနဲ့။ ကိုယ့်ကားနဲ့ကိုယ် သွား။*

သူမ က မကျေမနပ် တွေး၏။ ဒေါ်ခင်ပိုင်းက ခြေရင်းမှအိတ်ကို ပစ္စည်းနှိုက်သလိုလိုနှင့် နေရာထပ်ချဲ့လိုက်သည်။ တစ်ဖက်လူက မှုန်ကုပ်ကုပ် လှည့်ကြည့်လာ၏။ဘာမျှတော့ မပြော။ သူ့ဘက် နည်းနည်းထပ်တိုးလာသော အိတ်ကိုသာ စွေကြည့်ပြီး ချာခနဲ ပြန်လှည့်သွားသည်။ ထိုလူက ဘာမျှမပြောသဖြင့် ဒေါ်ခင်ပိုင်း နည်းနည်းကျေနပ်သွားသည်။ သူမ လုပ်ချင်သည်ကို တမင်လုပ်လိုက်ရ၍ နေသာထိုင်သာ ရှိသွားလေသည်။

ကားက အငှေးပြေးလမ်းအတိုင်း အရှိန်ကောင်းကောင်းဖြင့် ပြေးနေ၏။ ဒေါ်ခင်ပိုင်းက ဘေးမှလူကို ငဲ့ကြည့်သည်။ ထိုလူသည် ထိုင်ခုံကို နောက်လှန်လျက် အိပ်နေပြီ။

သူမက ပြတင်းမှ အပြင်သို့လှမ်းငေးရင်း ကိုယ်ကို ဖြေလျှော့ကာ မှီထိုင်လိုက်၏။ အိတ်တွင်းမှ ပုတီးကို ထုတ်သည်။

လက်က သူ့အလုပ် သူလုပ်ကာ ပုတီး တစ်လုံးပြီး တစ်လုံး ချသွားသော်လည်း ဒေါ်ခင်ပိုင်းမှာ မသိတစ်ချက်၊ သိတစ်ချက်။ အတွေးများကသာ သူမအာရုံတွင် အစီအရီ။

သမီးကို စိတ်တိုတိုနှင့် ဒေါ်ခင်ပိုင်း သည်ခရီးကို ထလိုက်ဖြစ်ခဲ့ခြင်းဖြစ်သည်။ တူဖြစ်သူမှာ လာစဉ်ကပင် အသွားအပြန် လက်မှတ်ယူထားပြီးဖြစ်၍ ဒေါ်ခင်ပိုင်းပါ လိုက်မည်ဆိုတော့ လက်မှတ် ထပ်ဂယ်ရသည်။ နောက်ဘက်ကျကျ ခုံတွင်သာ ရတော့၏။ ထို့ကြောင့် တူက ဒေါ်ခင်ပိုင်းကို ရှေ့ပိုင်းရထားသော သူ့ခုံတွင် ထိုင်စေပြီး သူက ထပ်ဂယ်ထားသော ဒေါ်ခင်ပိုင်းနေရာတွင် သွားထိုင်လေသည်။

သူမ၏ သားမက် မောင်တေဇမှာ လူအေးဖြစ်၏။ အသောက်အစားလည်း ရှိသူမဟုတ်။ သည်ကြားထဲက ဒေါ်ခင်ပိုင်းမှာ သားမက်ကို အလိုလိုကြည့်မရ ဖြစ်နေခဲ့သည်။ အမှန်တော့ သူမ သားမက်က ကောင်းရှာပါသည်။ သမီးစုထွေးက လင်ကို ချစ်လွန်းသဖြင့် ဒေါ်ခင်ပိုင်းမျက်စိနှင့် မတွေ့ခြင်းဖြစ်၏။

ဒေါ်ခင်ပိုင်းမှာ သား ကိုလေးကိုချစ်သော်လည်း သားက အမေ့နား နေသူမဟုတ်။ လူပျို တုန်းကလည်း အလုပ်ကိစ္စ၊ ဘာကိစ္စ၊ ညာကိစ္စ ..စသည်ဖြင့် အပြင်ထွက်နေသည်က များသည်။ သား အိမ်ထောင်ကျတော့လည်း အလုပ်နှင့် နယ်တွင် တာဝန်ကျ၏။ ရန်ကုန်နှင့်စစ်ကိုင်း ခရီးဝေးသောကြောင့် အရောက်အပေါက် နည်းရတော့သည်။ သားကသာ အလုပ်ကိစ္စနှင့်ဖြစ်စေ၊ မိသားစု လိုက် ဖြစ်စေ တစ်နှစ် တစ်ခေါက်၊ နှစ်ခေါက်လောက် အမေကို လာတွေ့တတ်၏။

သမီးစုထွေးကတော့ မအေကို ကူသည်။ အလုပ်ချိန်မှအပ အလည်အပတ် အပြင်ထွက်ခဲသည်။ အနားတွင် အမြဲလို ရှိတတ်၏။ ထို့ကြောင့် ဒေါ်ခင်ပိုင်းက သမီးကို ပို၍ အားထားသည်။ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်၊ သမီးချစ်သူတွေ့တော့လည်း သင့်တော်သူမို့ ဒေါ်ခင်ပိုင်း ငြင်းစရာ မရှိ။ သမီးအဖေ ဆုံးပြီးမှ သမီးက အိမ်ထောင်ကျခြင်းဖြစ်၍ မုဆိုးမ ဒေါ်ခင်ပိုင်းမှာ သမီးနှင့် လိုက်နေရ၏။ သို့သော် သမီးဖြစ်သူက သူ့ခင်ပွန်းနှင့် ရယ်လား မောလား နေပြီဆိုလျှင် ဒေါ်ခင်ပိုင်းမှာ အလိုလို စိတ်တိုလာ၏။ သူမ အနားတွင် အမြဲရှိနေတတ်သော သမီးက သူ့ယောကျ်ားအတွက် အချိန်ခွဲယူသွားခြင်းကို ဒေါ်ခင်ပိုင်း နာသာခံခက် ရှိလှ၏။

*အင်း..မိစုထွေး..သားသမီးပါရရင်တော့ ငါ့ကို ဖုတ်လေတဲ့ငါးပိ ရှိမထင်ပေါင်။*

ဒေါ်ခင်ပိုင်း စိတ်တိုစွာ တွေးမိလေသည်။ စိတ်က မကြည်ရသည့်အထဲ ကားဂိတ်ရောက်စက ဂျင်းဘောင်းဘီရှည်နှင့် ခေါင်းစွပ်ဆွယ်တာဂတ် ကောင်မလေးတစ်ယောက်နှင့် စကားများမလို ဖြစ်ခဲ့ရသေးသည်။ တူဖြစ်သူ မောင်တင်စိုး ကြားဝင်လိုက်၍လည်းကောင်း၊ သူမကိုယ်တိုင်လည်း စိတ်ရှုပ်နေသည့်အတွက်လည်းကောင်း ဆက်မဖြစ်ခဲ့ခြင်း ဖြစ်သည်။

ယခု ထိုင်ခုံရောက်ပြန်တော့လည်း လူကပ်ဖဲ့နှင့် တိုးပြန်၏။ ဒေါ်ခင်ပိုင်းက တွေးရင်း သူမ၏ ဘေးခုံသို့ ငဲ့စောင်းကြည့်လိုက်သည်။ ကိုကပ်ဖဲ့က အိပ်ပျော်နေလေပြီ။ ဒေါ်ခင်ပိုင်းက ထိုလူအား စောင်းငဲ့ကြည့်ပြီး ပြန်အလှည့်တွင် မျက်စောင်းကြီးကြီး တစ်ခုကို ချန်ထားပစ်ခဲ့၏။

သည်ဘက်လှည့်လာသော ဒေါ်ခင်ပိုင်း၏ မျက်လုံးများက သူမနှင့်တစ်တန်းတည်း တစ်ဖက်ခြမ်း ပြတင်းပေါက်ဘေးခုံတွင် ထိုင်နေသော ကောင်မလေးကို မြင်လိုက်သည်။

*ဩော်..ဒီဆွယ်တာမက အဲဒီမှာကိုး..။*

ဆွယ်တာမသည် သူမကိုကြည့်ကာ ပြုံးစိစိ လုပ်နေသည်။ ဒေါ်ခင်ပိုင်းက မျက်စောင်းသစ်တစ်ခုချီကာ ဒိုင်းခနဲ ထိုးပစ်ရင်း မျက်နှာကိုလည်း ဆတ်ခနဲ လွှဲပစ်လိုက်သည်။

**%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%**

**(၆)**

မီးမီးက တစ်ဖက်ခြမ်းထိုင်ခုံမှ အဘွားကြီးကို ကြည့်ပြီး ရယ်ချင်နေသည်။

အသက်ခြောက်ဆယ်ကျော် သည်လိုအရွယ် အဘွားကြီးများက အများအားဖြင့် ဂဂဖိုင်ဖိုင် ရှိကြသည်။ သည်အဘွားကြီးကမူ ပိန်ပိန်သွယ်သွယ်ဖြစ်၏။ ဇရာကြောင့် မေးမိုန်နေသည့်တိုင် မျက်ခုံးထူထူအောက်မှ မျက်လုံးများက စူးရှဆဲ ဖြစ်လေသည်။ အသားဖြူ သည်။ နာတံပေါ် သည်။ မျက်နှာကျ လှသည်။ နှုတ်ခမ်းများကတော့ မျဉ်းတန်းသဖွယ် ပါး၍ တင်းစေ့နေ၏။ နှုတ်ခမ်းအနေအထားနှင့် အကြည့်စူးများက ခပ်ထက်ထက်နှင့် မာန်ကြီးမည့်ဟန် ထင်းနေစေလေသည်။

အဘွားကြီးမှာ အထုပ်အပိုးများက များပါဘိသနှင့်။ သူကိုယ်တိုင် ဆွဲလာသည်က တစ်ဖုံ၊ သူ့တူဆိုလား သယ်လာရ

သည်က တစ်ထော။ သူ့အထုပ်ပေါင်းများစွာကို ဟိုထိုး သည်ကပ် တင်ထားပြီး သူကပဲ သူ့ဘေးကပ်လျက်ခုံမှ လူကြီးကို မကြည်ကြည့်နှင့် ကြည့်လိုက်သေးသည်။

ဟိုလူကြီးကလည်း မခေ။ သူ့အထုပ်ကို ဟိုရွှေ့ သည်ရွှေ့လုပ်နေ၍ အဘွားကြီးနှင့် ငြိမလို ဖြစ်သွားသေးသည်။ မောင်တင်စိုးဆိုလား..အဘွားကြီး၏တူက ကြားဝင်လိုက်၍သာ ပြီးသွားခြင်းဖြစ်၏။ အဘွားကြီးနှင့် ဘေးကလူကြီး စောင်နေကြပုံက ရယ်စရာကောင်းလှ၏။ တစ်ဖက်လှည့်နေသော လူကြီးကို အဘွားကြီးက နောက်ကွယ်မှ မျက်စောင်းထိုးလိုက်ပုံအား မြင်လိုက်ရ၍ မီးမီးမှာ အသံထွက်အောင်ပင် ရယ်မိလေသည်။

ဟိုလူကြီးကလည်း အဘွားကြီးလစ်လျှင် လစ်သလို ရှုသိုးသိုး ပြန်ကြည့်တတ်၏။ သူတို့နှစ်ယောက် ဖြစ်နေပုံကို စောင့်ကြည့်နေမိ၍သာ မီးမီး မြင်ရခြင်းဖြစ်လေသည်။ စောင့်ကြည့်မိခြင်းမှာလည်း အကြောင်းရှိပါသည်။

မီးမီးနှင့် အဘွားကြီးက ကားမထွက်ခင် လက်မှတ်ရုံနားနေခန်းမှာ ဟိုလူကြီးအရင် ငြိခဲ့သေးသည်လေ။

မီးမီး ကားဂိတ်ရောက်တော့ သူမ အိတ်များနှင့်ရပ်ကာ ထိုင်စရာနေရာရှာရင်း ထိုအဘွားကြီးကို စတွေ့သည်။ ရုပ်ရှင်ထဲက ဘဂင်လေဟပ်နေသည့် မာနကြီးကြီး ၊ ခပ်ထည်ထည် စရိုက်ဆောင် ဇာတ်ကောင်မိန်းမကြီးများကဲ့သို့ ဟန်ရှိနေသဖြင့် မီးမီးသတိထားမိသွားခြင်း ဖြစ်လေသည်။ အဘွားကြီးက သူ့အိတ်ကြီး အိတ်ငယ် အသွယ်သွယ်ကို ပတ်ပတ်လည်ချ ထိုင်နေပြီး ဟိုအထုပ် သည်ရွှေ့လိုက်၊ သည်အထုပ် ဟိုရွှေ့လိုက်နှင့်၊ ဘေးမှ လူဖြတ်သွားလျှင် သည်အထုပ် တိုက်မိ၍ ကျသွားမှာ စိုးသယောင်၊ ဟိုအထုပ် လူအလစ်ဆွဲသွားမှာ ပူသယောင်၊ မျက်လုံးများက ကျီးကြည့် ကြောင်ကြည့်။ အထုပ်များကို ဆွဲကပ်ရင်း နေရာချမဆုံး ဖြစ်နေသည်။ ထိုင်ခုံတန်းရှည်ကို အဘွားကြီးအထုပ်များက အပြည့်နေရာယူထား၏။

မီးမီးက သူမ၏ ပစ္စည်းများကိုဆွဲကာ အဘွားကြီးရှိရာ လျှောက်သွားလိုက်သည်။ သူမမှာ လပ်ကေ့ချ်တစ်လုံးနှင့် စားစရာများထည့်ထားသော စက္ကူအိတ်မှာ တစ်လုံးသာ ပါသည်။

***"အဘွား..အထုပ်တွေ နည်းနည်း ကပ်ပေးပါလား"***

***"ဒီမှာ လူရှိတယ်"***

***"ဟင်..ဘယ်မှာလဲ.."***

***"အမယ်လေး..လူရှိပါတယ်..ဆိုမှ။ လူများ ..မယုံသကာန်နဲ့။ ငါ့တူပေါ့....။ ဆေးလိပ်သွားဝယ်နေလို့.."***

မီးမီး တင်းသွားသည်။

***"လူရှိလည်း အဘွားအိတ်တွေကို နည်းနည်း ထပ်တန်တာ ထပ် ၊ကပ်လိုက်ရင် ကျွန်မတစ်ယောက်စာတော့ ထိုင်ဖို့ ရနိုင်တာပေါ့.."***

မီးမီးက ပြောပြောဆိုဆိုပင် အဘွားကြီး၏ ကြွပ်ကြွပ်အိတ်တစ်အိတ်ကို အဂတ်အိတ် ဟဲန်းဘက်ပေါ် ဖိုးဖိုးဖတ်ဖတ် တင်ပေးလိုက်ပြီး လွတ်သွားသောနေရာတွင် ဝင်ထိုင်လိုက်၏။ အဘွားကြီး ဆတ်ခနဲ ဖြစ်သွားသည်။

***"ရော့...ဒေါ်လေးခင်ဝိုင်း မှာတဲ့ ရှူ ဆေးဘူး.."***

အသက်သုံးဆယ်ဝန်းကျင်ခန့် လူတစ်ဦးက အဘွားကြီးဘေးရောက်လာပြီး ရှူဆေးဘူးလှမ်းပေးလိုက်သဖြင့် အဘွားကြီး အာရုံပြောင်းသွား၏။ ရှူဆေးဘူးကို လှမ်းယူပြီးမှ...

***"တကတည်းတော်..နေရာရချင်ရင် စောစောလာပေါ့..။ သူများဦးထားတဲ့ဟာ..ဖွတ်ဝင်ထိုင်သတဲ့.."***

မီးမီးက အဘွားကြီးကို ချာခနဲ လှည့်ကြည့်လိုက်၏။

***"ဟာ..ဒေါ်လေးကလည်း..နေရာတွေ အကျယ်ကြီးဟာကို..။ပေး..ပေး...ဟို အဂတ်အိတ်ကြီး အောက်ချလိုက်မယ်"***

ကိုတင်စိုးဆိုသူက အိတ်များ၊ အထုပ်များကို လှမ်းဆွဲကာ ဟိုသည်ရွှေ့ရင်း မီးမီးကိုပါ *"ဆောရီးနော်.."* ဟု အားနာဟန်နှင့် လှည့်တောင်းပန်သည်။ အဘွားကြီးကား မျက်နှာနှင့်အပြိုင် နှုတ်ခမ်းကို တင်းနေအောင် စေ့ထားရင်း မီးမီးကို ငြိုလ်ကြည့်ကြည့်နေလေသည်။

ယခုလည်း တစ်ခုံတည်းကျသော ဟိုလူကြီးနှင့် ငြိနေပြန်ပြီ။ အိပ်နေသော ဟိုလူကြီးကို အားပါးတရ မျက်စောင်းကြီးထိုးအပြီး ပြန်အလှည့်တွင် မီးမီးကို မြင်သွားကာ မီးမီးအားလည်း မျက်စောင်းလက်ဆောင် ပေးသွားသေး၏။

အဘွားကြီးနှင့် ဟိုလူကြီးကို ကြည့်၍ ရယ်ချင်နေမိခြင်းကြောင့် မီးမီးမှာ ကိုယ့်ကိစ္စ ကိုယ်ပင် ခေတ္တမေ့နေမိတော့သည်။

ဟိုလူကြီးလည်း အိပ်သွား၊ အဘွားကြီးလည်း ငြိမ်သွားမှ ခင်သော်တာ့မျက်နှာကို အတွေးထဲ ဖျတ်ခနဲ မြင်မိကာ မီးမီး၏ ဒေါသစိတ်တို့ ထကြွလာလေသည်။

**%%%%%%%%%%%%%%%%%%%%%%%%%%%%%%**

ခင်သော်တာနှင့် မီးမီးက ကုမ္ပဏီကြီးတစ်ခု၏ ငွေစာရင်းဌာနတွင် အလုပ်လုပ်နေသူများ ဖြစ်သည်။ စာရင်းစစ်ရာထူး ချင်း၊ လစာချင်း တူ၏။ ခင်သော်တာက အရောင်းအဝယ်စာရင်း ကိုင်ရပြီး မီးမီးက လချုပ်စာရင်း ကိုင်ရ၏။ သူမတို့ အထက်တွင် စာရင်းစစ်မှူး အန်တီသိန်းသိန်းနွဲ့ရှိသည်။ ကုမ္ပဏီကြီးသကဲ့သို့ အလုပ်လည်း များပြား၍ အန်တီနွဲ့အောက်တွင် ဒု စာရင်းစစ်မှူး တစ်ယောက်ထားမည့်သတင်း ထွက်လာရာ ထိုနေရာကို မီးမီးနှင့် ခင်သော်တာ တစ်ယောက်ယောက်ရမည်ဟု ကြားသည်။

သို့သော် သူ့လူ ကိုယ့်လူ ထင်ကြေးအမျိုးမျိုး လိုရာဆွဲပြောနေကြရုံကလွဲ၍ မည်သူရမည် သေချာမသိ။ မီးမီးရော၊ ခင်သော်တာပါ ထိုရာထူးကိုမှန်းကာ အပြိုင် အလုပ်ကြိုးစားနေရလေသည်။

မီးမီးကတော့ သူမသည် ခင်သော်တာထက်သာသည်ဟု ထင်သည်။ ခင်သော်တာကလည်း သူမလိုပင် ဂုတ်စား ပြင်ဆင်ပုံ ခေတ်မီ၏။ ပညာအရည်အချင်းလည်း တူပါ၏။ ရုံးတွင် သူမတို့နှစ်ယောက်ကို Queen နှစ်ယောက်အဖြစ် သတ်မှတ် ခံရသည်ချင်းလည်း တူသည်။ သို့သော် မီးမီးက ကိုယ့်ကိုယ်ကိုယ်မို့ ပြောသည် မဟုတ်။အသားဖြူ ၍ ရုပ်ရည် ပိုပေါ်လွင်သည်ဟု ထင်သည်။ ပို၍လည်း ချမ်းသာသည်။ ပိုလည်း သွက်သည်။ လူပေါင်း ပိုဆန့်သည်။

ခင်သော်တာက အားလျှင် ပါးစပ်လေး တလှုပ်လှုပ်နှင့် ဘုရားစာရွတ်နေချိန်၌ မီးမီးက သီချင်းတိုးတိုး ညည်းသည်။ အသံကောင်းသောမီးမီးကို ငွေစာရင်းအဖွဲ့သားများက သီချင်းတောင်းလေ့ရှိသောကြောင့် မီးမီးက အမြဲ ဆိုပြရ၏။ ငွေစာရင်း အဖွဲ့တွင် စာရင်းစစ်မှူးအန်တီနွဲ့ကလွဲလျှင် လူငယ်မိန်းကလေးချည်းဖြစ်ရာ အန်တီနွဲ့နှင့်ပိုပြီး ကျွမ်းဝင်ခင်မင်သော မီးမီးကို အန်တီ နွဲ့ကလည်း ဘေးမဲ့ ပေးထား၏။ အန်တီနွဲ့ဖို့ မီးမီး ဟင်းပိုထည့်လာတယ်၊နေ့လယ် ကော်ဖီသောက်ရင်စားဖို့ မုန့်ဝယ်လာတယ် ….စသဖြင့် မီးမီးက ကပ်ချွဲတတ်ခြင်းကြောင့်လည်းကောင်း၊ အလိုက်တသိ အရိပ်ကြည့် လုပ်ပေးတတ်ခြင်းကြောင့်လည်းကောင်း မီးမီးကို အန်တီနွဲ့က လက်စွဲထား၏။

သို့ဖြစ်ရာ အန်တီနွဲ့အချစ်တော် မီးမီးက အန်တီနွဲ့၏ အကြွင်းမဲ့ ထောက်ခံချက်ဖြင့် ဒု စာရင်းစစ်မှူး ရာထူး ရနိုင်မည် ထင်၏။ သို့သော် ခင်သော်တာကလည်း ဂျီအမ်(အထွေထွေ မန်နေဂျာ)နှင့် ဆွေရိပ် မျိုးရိပ် မကင်းသူ ဖြစ်နေသည်။

ထို့ကြောင့် အန်တီနွဲ့က မည်မျှပင် ထောက်ခံသော်လည်း ဂျီအမ်က ပယ်ချနိုင်သကဲ့သို့ ဂျီအမ်၏ ထောက်ခံချက်ဖြင့် ခင်သော်တာလည်း တက်သွားနိုင်လေသည်။ သို့နှင့် မီးမီးနှင့် ခင်သော်တာမှာ အပေါ်ယံ ပေါင်းပင် ပေါင်းသော်လည်း အလျဉ်းသင့် လျှင် သင့်သလို စောင်နေကြရတော့သည်။

ယခု မီးမီးက မန္တလေးရှိ ကုမ္ပဏီရုံးခွဲသို့ စာရင်းကိစ္စဖြင့် ခရီးထွက်လာရခြင်းဖြစ်၏။ ခရီးထွက်လျှင် ခရီးစရိတ်၊ အသုံး စရိတ် ပိုပိုလျှံလျှံ ရသည်ဖြစ်ရာ အန်တီနွဲ့၏ ကူညီမှုဖြင့် ခင်သော်တာကို ကျော်၍ မီးမီး ထွက်ခွင့်ရခြင်း ဖြစ်လေသည်။

ထို့ပြင် မန္တလေးရုံးခွဲမှ စာရင်းကွာပြဿနာကို မီးမီးဖြေရှင်းနိုင်ပါက ရာထူးတိုးရန်လည်း အထောက်အကူ ကောင်းစွာ ရမည်ဖြစ်လေသည်။

***"သော်တာ…မန္တလေးကို ဘာမှာဦးမလဲ..။ မီးမီးက သော်တာသွားရမယ် ထင်နေတာ။ သော်တာသွားရင် မုံရွာ ဂဝက်အူချောင်း မှာမလို့။ ခု..သော်တာမဟုတ်ဘဲ မီးမီးသွားရတာဆိုတော့ သော်တာလိုချင်တာ မှာလေ.."***

မီးမီး၏ ခပ်ငြိငြိစကားကြောင့် သော်တာ က ဖျတ်ခနဲ မော်ကြည့်သည်။

***" မှာစရာ မရှိပါဘူး မီးမီးရယ်။ သော်တာက ပဌာန်းအဓိဌာန်ပုတီး စိပ်နေတာဆိုတော့ မန္တလေးများ သွားရရင် အဓိဌာန် တော့ ပျက်တော့မှာပဲဆိုပြီး စိတ်ညစ်နေတာ။ သော်တာမဟုတ်ဘဲ မီးမီးသွားရတော့ အတော်ပဲ ဖြစ်သွားတာပေါ့"***

*ဟွန်း..သူမသွားရတာတောင် ပြောပုံက အကျောကြီးနဲ့။*

မီးမီးစိတ်ထဲမှ နှုတ်ခမ်းမဲ့၏။ အပြင်ကမူ..

***" ဪ..ဒီလိုလား..။ ကောင်းပါရဲ့ သော်တာရယ်။ သော်တာက မနက်ရုံးရောက်ရင် ပရိတ်ရွတ်၊ တစ်နေ့လုံးလည်း ဘုရားစာတွေ တတွတ်တွတ် ရွတ်နေတာဆိုတော့ မီးမီးထက် ကံကောင်းမယ် ထင်နေတာ။ အဓိဌာန်ပုတီးတွေလည်း***

*ခဏ ခဏ စိပ်နေတဲ့သူဆိုတော့လေ.."*

မီးမီး၏ ခွပ်စကားကြောင့် သော်တာက ခပ်စူးစူး ပြန်ကြည့်သည်။

*"ဘုရားအလုပ် လုပ်တာ ကောင်းပါတယ်။ ဒါပေမဲ့ မီးမီးတော့ ဆုတွေ ဘာတွေ မတောင်းဘူး။ ရှိသမျှ လူတွေက ဘုရားမှာပဲ ကိုယ်လိုချင်တာ၊ ကိုယ်ဖြစ်ချင်တာတွေ ပိုင်းဆုတောင်းနေကြတာ..ဘုရားလည်း နားငြီးမှာဘဲ။ ဘယ်လိုလုပ်လူတိုင်းအလို ဖြည့်ပေးနိုင်မှာလဲလို့ တွေးမိပြီး ဘုရားကို အားနာလို့.."*

*"ဟင်..မီးမီးစကားကလည်း ဒိဋ္ဌိကျနေတာပဲ။ သူများတွေတော့ မသိဘူး။ သော်တာကတော့ ဘုရား တရားအလုပ် လုပ်တာ ဆုတောင်းဖို့ မဟုတ်ဘူး။ ရှိနေတဲ့ အကုသိုလ်တွေကို လျော့ပါးအောင် လုပ်နေတာ။ ဘုရားက လူတွေရဲ့အလိုဆန္ဒတွေ ၊ ဆုတောင်းတွေကို ဖြည့်ပေးတာ မဟုတ်ပါဘူး။ ကိုယ်လုပ်နေတဲ့ ကုသိုလ်အကျိုးကြောင့် လူချစ်၊ နတ်ချစ်နဲ့ ကူညီမယ့်သူ တွေ့မယ်။ ကိုယ့်ဆန္ဒတွေ အောင်မြင်မယ်။ ဒါကြောင့် ကောင်းတဲ့ကံတွေ ဖြစ်လာအောင် ကောင်းမှု ကုသိုလ်တွေ လုပ်ဖို့ လမ်းကောင်းကိုပဲ ဘုရားက ညွှန်ခဲ့တာ.."*

*"တော်ပါ သော်တာရယ်..။ ကောင်းတာလုပ်တိုင်းရော ကောင်းတာဖြစ်လို့လား။ မကောင်းမှုနဲ့ အသက်မွေးပြီး ကြီးပွားချမ်းသာနေကြသူတွေမှ ပြည့်လို့..။ ဘုရား တရားနဲ့ နေရက်နဲ့ ဆင်းရဲ မွဲတေနေတာတွေလည်း အများကြီး.."*

*"ဟာ..မီးမီးရာ..အတိတ်က ကံ၊ ပစ္စု ပ္ပန်မှာ ပြု တဲ့ကံတွေက ရှိသေးတယ်လေ။ ပစ္စု ပ္ပန်မှာ ကောင်းတာလုပ်နေပေမဲ့လည်း ဟိုးဘ၀ ဘ၀ အတိတ် တွေက ဆိုးတာလုပ်ခဲ့တဲ့ ကံတွေရဲ့ အကျိုး းပေးကြောင့် လက်ရှိဘ၀မှာ ဆင်းရဲမှုတွေ၊ အဆင်မပြေမှုတွေ ဖြစ်ကြရတာပေါ့။ ကိုယ်လုပ်ခဲ့တဲ့ ကံရဲ့ အကျို းဆက်ကို ကိုယ်ခံရသေးတာကိုး.."*

*"ဒါဆို ပစ္စု ပ္ပန် မှာ ကောင်းတာလုပ်တော့ရော ဘာထူးမှာလဲ..သော်တာရဲ့။ သူ့ကံကိုက ဆိုးပြီးသား ပါလာတာကို.."*

*"မဟုတ်သေးဘူးလေ..မီးမီးရာ။ ဥပမာကွာ..အ၀တ်တစ်ခုဟာ အစမှာ ဖြူ ဖွေးနေပေမဲ့ အညစ်အကြေးတွေလည်း သုတ်၊ မလျှော် မဖွတ်ဘဲလည်း ထားမယ်ဆိုရင် အဲဒီ အ၀တ်ဟာ မဲညစ်သွားတော့မှာပေါ့။ အတိတ်က ပြုခဲ့တဲ့ကံ၊ ကောင်းမှု ကုသိုလ်ကြောင့် ပစ္စု ပ္ပန်ဘ၀မှာ ပြည့်စုံ ချမ်းသာတဲ့ ဘ၀ကို ရမယ်။ ဒါကို အ၀တ်ဖြူ နဲ့ ဥပမာပေးမယ်ဆိုရင် စကတည်းက ဖြူ သန့်နေတဲ့ အ၀တ်ဖြူပေါ့။*

*အဲဒီ အ၀တ်ဖြူ ကို အသုံးပြုတဲ့ အခါမှာ သန့်တဲ့အခါ ရှိသလို အညစ်အကြေးတွေ ပေကျံတာမျိုးလည်း ရှိမယ်။ အဲဒါကို မလျှော်မဖွပ်ဘဲ ထားလိုက်လို့ကတော့ အ၀တ်ဖြူ ဘ၀ကနေ လက်နီးစုတ်ဘ၀ ရောက်သွားအောင်ထိ မဲညစ်ပေတူးသွားမှာပဲ"*

*အမယ်လေး..သူ့ကိုယ်သူ ကျွတ်တန်းဂင်မဲ့ သူတော်စင်မကြီးပေါ့လေ..။*

မီးမီး အငေါ်တူးမိ၏။

*"အတိတ်ကံ မကောင်းခဲ့လို့ အ၀တ်ဖြူ လို ဘ၀ မရခဲ့ဘဲ နဂိုတည်းက ညစ်ထပ်ထပ် အ၀တ် ဖြစ်နေခဲ့ရင်လည်း လျှော်ဖွပ်မှ မပေးရင် ညစ်သထက် ညစ်သွားတော့မှာပေါ့။ အဲဒီသဘောပဲ။*

*အတိတ်ကံကောင်းခဲ့လို့ အ၀တ်ဖွေးသန့်သန့်လေးမျိုး ဘ၀ပဲဖြစ်ဖြစ်၊ ကံဆိုးလို့ အ၀တ်ညစ် ဘ၀ ရခဲ့တာပဲဖြစ်ဖြစ်၊ ဒီတိုင်း ထားလိုက်လို့တော့ မရဘူးလေ။ အ၀တ်ဖြူလေးကို မညစ်မပေရအောင် သတိထား သုံးမယ်။ ညစ်ပေသွားရင်လည်း အစွန်းအထင်း မစွဲရအောင် ချက်ချင်း လျှော်ဖွပ်ပေးမယ်။သန့်အောင် တရိုတသေ ကိုင်မယ်ဆိုရင် အ၀တ်ဖြူက အမြဲ ဖွေးသန့်နေမှာပဲ။*

*နဂိုကတည်းက ညစ်ထပ်ထပ်အ၀တ် ဖြစ်နေတဲ့ အ၀တ်ဆိုရင် သူ့ကို သန့်အောင် ၊ဖွေးအောင် ပိုလို့တောင် ဂရုတစိုက် လျှော်ဖွပ် ကြေးချွတ်ပေးရမှာ။ ဒါမှ ထပ်ညစ်မလာတော့တဲ့အပြင် အညစ်ကနေ ဖွေးလာနိုင်မှာပေါ့။*

*ကိုယ့်ကံကို ကိုယ်ကောင်းအောင် ကုသိုလ်ကောင်းမှုတွေ လုပ်၊ ဘုရားစကား နားထောင်၊ ဘုရားဟောကြားခဲ့တဲ့ ဘုရားစာတွေ ရွတ်ဖတ်။ ကိုယ့်ကံကို ကိုယ်ပြင်ကြမှာ။ ဆုတောင်းနေလို့ မရဘူး။ ဒါကြောင့် သော်တာက ဆုတောင်းနေတာ မဟုတ်ဘူး၊ အကုသိုလ်ပါးအောင် လုပ်နေတာ။ ကိုယ့်ကံကိုယ် လျှော်နေတာလို့ ပြောတာ"*

---

*"အမယ်လေး..ဘုရားတည်ဖို့ အုတ်နီခဲဖြစ်မဲ့ ရွှံ့လောင်းလျာကြီးပါလား..။ ဟား..ဟား..ဟား....အေးပါ...အေးပါ... ဆက်လျှော်...ဆက်လျှော်..ဟား..ဟား"*

မီးမီးက နောက်သလိုနှင့် ဟားကာ ရိပ်စိလိုက်၏။ သော်တာ ဆက်မပြောတော့။

မီးမီးကို တချို့က အလှမာန်တက်သည်၊ငွေမာန်၊ပညာမာန်တက်သည် စသည်ဖြင့် နောက်ကွယ်မှ ပြောကြသံ ကြားရ၏။ ဂရု မစိုက်ပါ။

*ကိုယ့်မှာ အလှရှိလို့ မာန်တက်တာ၊ ငွေရှိ ပညာရှိလို့ မာန်တက်တာ ဘာဖြစ်လဲ။ မာန်တက်စရာ ဘာမျှ မရှိလို့ မတက်နိုင်သူတွေ အမနာပ ပြောကြတာများ.....။*

မီးမီးတို့ကတော့ ရှင်းသည်။ အလှအတွက် လှသထက်လှဖို့ လောဘရှိသကဲ့သို့ ပညာ ၊အလုပ် ၊ငွေကြေး..အားလုံးမှာ သူများထက်သာဖို့ လောဘထားသည်။ ထိုလောဘက ကိုယ့်ဘဝကောင်းဖို့ တွန်းအားလေ..။

%%%%%%%%%%%%%%%%%%%%%%%%%%%%

မီးမီးက ခင်သော်တာနှင့် အခြေအတင် ပြောဖြစ်ခဲ့သောအကြောင်းများကို ပြန်တွေးမိသည်။

*ဟင်း...သူ့ကိုယ်သူ လူတတ်ကြီး လုပ်လို့..။ တော်ပါပြီ..။ တွေးနေ ဆုံးမှာမဟုတ်ဘူး။ အိပ်တော့မယ်..။*

ထိုင်ခုံကို နောက်လှန်ချလိုက်ရင်း သူမဘေးမှ ခရီးသည်အစ်မကြီးကို စောင်းငဲ့ ကြည့်မိသည်။ ဘေးခုံမှ ပါတိတ်ဂမ်းဆက်နှင့် အစ်မကြီးသည် ခေါက်ရေမှတ်သော လက်နိုပ်ပုတီးစိပ်စက်လေးကို တချောက်ချောက်နိုပ်ကာ မည်သည်ကို ရွတ်မှန်းမသိ၊ ရွတ်နေ၏။ သို့သော် အစ်မကြီး၏မျက်လုံးများကမူ အသံကြားရာဆီ အကုန်ရောက်သည်။ စပယ်ယာနှင့် ခရီးသည် စကားပြောသံကို ခေါင်းကြီးရှည်ကြည့်ကာ နားစွင့်၏။ ရှေ့ မျက်စောင်းထိုးမှ ညားခါစလင်မယားဖြစ်ဟန်ရှိသော အသက်ငယ်ငယ်စုံတွဲ တွတ်ထိုးရာသို့လည်း စိတ်ဝင်တစား မျက်လုံးများနှင့် လက်နိုပ်ရပ်ကာ ငေး၏။ သူမ၏ တစ်ဖက်ခြမ်း နောက်ခုံမှ ရွှေလက်ကောက်တံတောင်လောက် ၊ စိန်လက်စွပ်တဝင်းဝင်းနှင့် အမျိုးသမီးကြီး၏ လှုပ်ရှားမှုများကိုလည်း မကြာခဏ ခေါင်းလည်လိမ်ကြည့်ကာ စူးစမ်း၏။

*အဟင်း...အဲဒါ ပြောတာပေါ့..။ ပါးစပ်က ဘုရား..ဘုရား..၊ လက်က ကားယား ကားယား ဆိုတာ။ ကြည့်ပါလား..။*

*ပါတိတ်အစ်မကြီးက လက်ကသာ လက်နိုပ်ပုတီးစက်နဲ့ တချောက်ချောက် ရွတ်နေ၊နိုပ်နေတာ..။ လူကတော့ အသံကြားရာ အကုန်ပါတယ်။*

*ဟိုဘက်က အဘွားကြီးလည်း ဘာထူးလဲ..။ ပုတီးတော့ တဒေါက်ဒေါက်ပဲ။ လုပ်တော့ တလွဲ။ ဒီလို လူကြီးတွေကို လူငယ်တွေ အထင်မကြီးတာလည်း မပြောနဲ့..ဟား...ဟား...။*

မီးမီးစိတ်ထဲမှ ရယ်ပွဲ ဖွဲ့မိ၏။ အများစုက သည်လိုချည်း။ မီးမီးတို့လို လူငယ်များ အတုယူရလောက်မည့် သူမျိုး ရှားသည်။ သည်တော့ မီးမီး မလွန်ဟု ထင်သည်။

သူများကို လက်ညှိုး တထိုးထိုး လုပ်နေသော မီးမီး။ ကိုယ့်ကိုယ်ကိုယ် ပြန်ထိုးမိနေသော ကျန်လက်သုံးချောင်းကိုတော့ မမြင်နိုင်ပါ။ ထိုလက်သုံးချောင်းက ခေါက်ကွေးထားလျက် ကိုယ့်မြင်ကွင်းမှ ပျောက်ကွယ်နေသည်ကိုး..။

%%%%%%%%%%%%%%%%%%%%%%%%%%%%%

(၇)

မယဉ်မြင့်ခများ လှည့်ကြည့်ရင်း ဇက်ညောင်းလာသဖြင့် ရှေ့သို့ ပြန်လှည့်လိုက်ရ၏။ ပြတင်းပေါက်နှင့်ကပ်လျက် သူမ၏ ဘေးခုံမှ ကောင်မလေးကမူ မည်သည်ကို သဘောကျသည်မသိ။ တစ်ယောက်တည်း ပြုံးစိစိ၊ ရယ်ကျဲကျဲ..။

အသက်အစိတ်ခန့် ရှိပြီး စကင်းနစ် ကိုယ်ကြပ်ဘောင်းဘီ နက်ပြာရောင် နှင့် အဂါရောင် ခေါင်းစွပ်ဆွယ်တာ ဝတ်ထားသည်။ ချောလည်း အတော်ချော၏။ နားတွင် လက်ကောက်ခန့်ရှိသော နားကွင်းအမည်း ဝတ်ထားသည်။ လည်တွင်ဆွဲထားသော ဖန်စီဆွဲကြိုးရှည်က ရင်မို့မို့ အကျော် ခါးအောက်လောက်ထိ လှုလှုပပ တွဲလောင်းကျနေ၏။

*သည်ကောင်မလေး....တစ်ယောက်တည်း၊ ဝတ်ပုံ စားပုံကလည်း ခေတ်မီ၊ ချောကလည်း ချောနဲ့..။ ရည်းစားလည်း များမဲ့ပုံပဲ..။*

ဟုတ်ဟုတ်..မဟုတ်ဟုတ်၊ ဂသီအတိုင်း မယဉ်မြင့် တွေးချင်ရာ တွေးသည်။

*ကြည့်ပါလား..။တစ်ယောက်တည်း ပြုံးလို ပြုံး ၊ ရယ်လို ရယ်နဲ့..။ ရည်းစားဆီ သွားမလို့ဖြစ်မယ်၊ ပျော်နေပုံက....။*

*" ဟင်..မောင်ကလည်း..ခစ်..ခစ်..သွား..."*

မယဉ်မြင့်၏ ရှေ့နံ မျက်စောင်းထိုးမှ တခစ်ခစ်ရယ်သံ စူးထွက်လာသဖြင့် ထိုနေရာသို့ စိတ်ရောက်သွားပြန်သည်။

*" ဟာ..မတွန်းနဲ့..ဖြူ ့ရဲ့..၊ဘေးလူကိုထိမိမယ်.."*

အလယ်ခုံဘက်သို့ ယိုင်ကျလာသောကိုယ်ကို ထိန်းရင်း ကောင်လေးက ပြန်ပြောသံ ကြားရသည်။ ပြောရင်း အလယ်ခုံသို့ လှည့်ကြည့်၏။ အိပ်ပျော်နေသည်ကို တွေ့မှ သူ့ကောင်မလေးဘက် ပြန်လှည့်သွားပြီး ဆက်၍ တွတ်ထိုးနေလေသည်။

*ညားခါစ လင်မယားလား..သမီးရည်းစားစုံတွဲလား..။*

ပြောပုံ ဆိုပုံ၊ နေပုံ ထိုင်ပုံ က ပိုင်ပိုင်နိုင်နိုင် ရှိသဖြင့် လင်မယားဖြစ်ဖို့ များသည်။ သူတို့ အတွဲကိုကြည့်ရင်း မယဉ်မြင့်က သူ့မောင်အငယ်ဆုံး လင်မယားကို သွားသတိရမိ၏။ ထိုအခါ သူမ နှုတ်ခမ်းတို့ကလည်း အလိုလို မဲ့မိလျက်သား ဖြစ်နေလေတော့သည်။

%%%%%%%%%%%%%%%%%%%%%%%%%%%%%%%

မရင်မြင့်တို့က မောင်နှမ ငါးယောက်ဖြစ်သည်။ မယဉ်မြင့်၏အထက်တွင် အစ်မတစ်ယောက်ရှိပြီး မရင်မြင့် အောက်က ဆရာဝန် မောင်၊ စတုတ္ထက ညီမ၊ သူ့အောက်တွင်မှ အငယ်ဆုံး မောင်တစ်ယောက်ရှိသည်။

ဆရာဝန် မောင်ဖြစ်သူ၏ဇနီးမှာ သူဌေးသမီးဖြစ်သည်။ ခရီးသွားကုမ္ပဏီကြီးများ၊သွင်းကုန်၊ထုတ်ကုန် ကုမ္ပဏီကြီးများပိုင်ရှင်၏ သမီးဖြစ်၏။ အစ်ကိုနှစ်ယောက်အောက်က သမီးအငယ်ဆုံးဖြစ်၍ ဖူးဖူးမှုတ် ချစ်ကြသည်။ စိန် ထည်လဲဝတ်၏။ အဝတ်အစား မထပ်စေရ။

မယဉ်မြင့်၏ မောင်ကိုလည်း ဆရာဝန်ဖြစ်၍ ယောက္ခမများက ကိုယ်ပိုင်ဆေးရုံနှင့် ဆေးပစ္စည်းဆိုင်ကြီး  ထောင်ပေးထားသည်။ ထို့ကြောင့် မောင်ဖြစ်သူ ဒေါက်တာသန့်ဇင်မှာ မယဉ်မြင့်တို့ မောင်နှမငါးယောက်တွင် အချမ်းသာဆုံးဖြစ်လေသည်။ အစ်မ၊ ညီမနှင့် ညီကိုလည်း ထို ဆရာဝန် မောင်က အရာရာ ကူညီထောက်ပံ့ ပေးပါ၏။

မယဉ်မြင့်က အစိုးရဌာနကြီးတစ်ခုမှ အရာရှိဖြစ်ပြီး ခင်ပွန်းက ကုမ္ပဏီကြီးတစ်ခုတွင် မန်နေဂျာဖြစ်၏။ မဆင်းရဲသော်လည်း စီးပွားရေးက ကောင်းလိုက်၊ မကောင်းလိုက်၊ ဖောင်းလိုက် ပိန်လိုက်။ ပိန်ချိန်က ပိုများလေသည်။ မကောင်းချိန် ပိန်ချိန်တွင် မောင်ဆရာဝန်၏ အကူအညီ ယူရ၏။ မောင်သည် လိုသောအကူအညီကို အမြဲ ပေးသော်လည်း လင်ဘက်မှမောင်နှမ ဆွေမျိုးများကို ချည်း လှည့်ထောက်နေရခြင်းအတွက် မောင်ဖြစ်သူ၏ ဇနီးက ငြို ငြင်ချင်သည်ဟု ထင်သည်။ ထိုယောက်မက တားဆီး ကန့်လန့် လုပ်နေ၍ အကူအညီ ရသင့်သလောက် မရဟု မြင်သည်။ ထို့ကြောင့် ယောက်မကို မယဉ်မြင့်တို့ ညီအစ်မများက မကြည်။ မကင်းနိုင်၍သာ ရှေ့တွင် ဟဲ..ဟဲ..နေရခြင်းဖြစ်၏။

အငယ်ဆုံးမောင်၏ ဇနီး၊ မယဉ်မြင့်၏ ယောက်မအငယ်က..

***" အစ်မတို့က အကူအညီတော့ အမြဲယူပြီး အစ်ကိုသန့်ဇင်တို့ကို ဘယ်တော့မှ အကောင်းမပြောဘူး။ အစ်ကို့ အမျိုးသမီးလည်း ဝတ် ဝတ်ပြန်ပြီ..စား စားပြန်ပြီနဲ့..။ ရှေ့ကျရင်တော့ ဟဲဟဲ..ဟဲဟဲ.. နဲ့ ချော့နေတာပဲ။ ကူလည်း ကူညီရသေးတယ်။ ဟိုက ကျောခိုင်းလိုက်တာနဲ့ နောက်ကွယ်မှာ အတင်းတုတ်နေတာကတော့ မကောင်းပါဘူး.."***

ဟု ပြောဖူး၏။ သို့ကြောင့် မယဉ်မြင့်တို့နှင့် ယောက်မအငယ် စကားပင် များရသေးသည်။

အငယ်ဆုံးမောင်မှာ မယဉ်မြင့်တို့ မောင်နှမအုပ်စုတွင် အဆင်းရဲဆုံးဖြစ်၏။ မောင်အငယ်ဆုံးက ကားဝပ်ရှော့တွင် လုပ်သည်။ သူ့ဇနီးက မူလတန်းကျောင်းဆရာမ ဖြစ်၏။ သားသမီးသုံးယောက်နှင့် ဖြစ်၍ စီးပွား ကြပ်တည်းသည်။ ထို့ကြောင့် မောင်ဆရာဝန်က သူ့ညီအငယ်ဆုံးကို အားလုံးထက် ပိုကြည့်လေသည်။

သို့အတွက် မောင်အငယ်၏ မိန်းမ ၊မယဉ်မြင့် ယောက်မအငယ်က မောင်ဆရာဝန်၏ဇနီး ယောက်မအကြီး သူဌေးသမီးနှင့် ပလဲပနံသင့်ကာ မယဉ်မြင့်တို့ ညီမတစ်တွေနှင့်မူ သိပ်တည့်သူ မဟုတ်။ တလောက မယဉ်မြင့် အိမ်သို့ ထိုယောက်မ အငယ် ကိစ္စတစ်ခုနှင့် ဝင်လာစဉ် မယဉ်မြင့်၏ သူငယ်ချင်းများ ရောက်နေချိန်နှင့် ကြုံ ၏။

***" မမယဉ်.. ဂါဂါ ရှေ့အပတ် တရားစခန်း ဝင်မလို့.။ မမယဉ်ရော ဝင်ဦးမလားလို့"***

***" ဝင်တော့ ဝင်ချင်သား..ဂါဂါ ရဲ့..။ ဒါပေမဲ့ မမယဉ်က တလောကမှ ရိပ်သာက ထွက်လာတာဆိုတော့ ခွင့်ထပ်ရမှာ မဟုတ်ဘူး။ အေးလေကွယ်..ဂါဂါလည်း အဖော်ရှိတော့ မမယဉ် ထပ်ဝင်ချင်လိုက်တာ..။ သိတဲ့အတိုင်း မမယဉ်တို့***

*ကတော့ တရားအလုပ်ပဲ စိတ်ဝင်စားတယ်။ တစ်နေ့ကတောင် ဘုန်းကြီးကျောင်းမှာ ဆွမ်းပို့ရင်း တရားနာခဲ့သေးတာ..။ ရပ်ကွက်ထဲမှာ တရားပွဲရှိတယ်ဆို အသံ ကြားတာနဲ့ မမယဉ်ရောက်ပြီးသားပဲ။ အသက်တွေလည်း လေးဆယ်ကျော်ပြီဆိုတော့ မယဉ်တို့တော့ တရားနဲ့ပဲ နေချင်တာ.."*

*"မမယဉ်က အားရင် ဘုရားစာပဲ ရွတ်နေတာ..မမချို ရဲ့..။အဓိဋ္ဌာန်ပုတီးတွေလည်း ခဏခဏစိပ်တယ်။ ခုလည်း ရာထူး တိုးပြီး မွန္တလေးပြောင်းရအောင် အဓိဋ္ဌာန် ပုတီးစိပ်နေတာလေ.."*

*"ဟင်..မမယဉ်က မွန္တလေး ပြောင်းချင်တာလား.."*

*"မယဉ်အမျိုးသားရဲ့ ကုမ္ပဏီကလည်း နောက် သုံးလေးလဆိုရင် မွန္တလေးမှာ ရုံးခွဲ ဖွင့်မှာဆိုတော့ အမျိုးသားလည်း ပြောင်းရမှာလေ..မချို ရဲ့..။ သားကြီးလည်း တက္ကသိုလ်တက်နေပြီ။ သားငယ်က ကိုးတန်းဆိုတော့ ကျောင်းပြောင်းလို့လည်း အဆင်ပြေတယ်။ နောက်ပြီး မယဉ်မိဘတွေ အမျိုးတွေလည်း အမရပူရမှာရှိတယ်။ ဒါကြောင့်.."*

*"ဒါနဲ့..မွန္တလေးရုံးမှာက မမယဉ်နဲ့ မကြည်တဲ့ ဟိုဌာနခွဲမှူး အစ်မကြီးရှိတယ် မဟုတ်လား။ မမယဉ်ပြောင်းရင် သူနဲ့ တစ်ရုံးတည်း ဖြစ်နေမှာပေါ့.."*

*"အမယ်လေး....ဖြစ်လည်း အရေးစိုက်စရာလား..ဂါဂါရဲ့..။ ဒီမိန်းမက ပျော့ပျော့လေးနဲ့ နံတဲ့ ကြောင်ချေး..။ မယဉ် ရောက်မှ ကောင်းကောင်း ပညာပြလိုက်ရဦးမယ်။ လာမဲ့ စနေနေ့ကျရင် MD ဆီ စားစရာတစ်ခုခုလုပ် သွားပို့ရင်း ဒီမိန်းမအကြောင်း ပြောခဲ့ဦးမှာ။*

*တာဝန်အကြောင်းပြပြီး မယဉ်ရုံးနောက်ကျရင် ဌာနမှူးဖြစ်ပြီး ကိုယ်တိုင်က စည်းကမ်းမလိုက်နာလို့ ဖြစ်မလားလေး ..ဘာလေး..ပြောလိုပြော..။အလုပ်တစ်ခုခု အချိန်မီ မပြီးရင်လည်း အချင်းချင်း ညှိမယ်မရှိဘူး။အစည်းအဝေးမှာ မယဉ် ဆီက စာရင်းမရသေးလို့ အဲဒီအလုပ် မပြီးသေးတာပါ ဆိုပြီး ထောင်လိုထောင်နဲ့။ သူ မွန္တလေးပြောင်းသွားမှ အေးတော့ တာ။*

*ခုတော့လည်း မတတ်နိုင်ဘူး..။ ဟိုပြောင်းရရင် ပိုအဆင်ပြေမှာဆိုတော့ ပြောင်းရမှာပဲ။ ဒီမိန်းမကိုတော့ မယဉ် တေးထားတယ်။ မွန္တလေးမှာက မယဉ် မိတ်ဆွေတွေချည်းပဲ။ မယဉ် တစ်ခွန်းပဲလေ။ ဟွန်း..တွေ့မယ်..ဒီမိန်းမ"*

*"ဟုတ်တယ်..ဆော်သာဆော် မမယဉ်ရေ..ကောင်းတယ်။ ဩော်..ဒါထက်..အသစ်ပြောင်းလာတဲ့ .....ဌာနက ခပ်ချောချော ကောင်မလေးလေ..မမယဉ်တို့ မန်နေဂျာနဲ့ ဘာလိုလိုတဲ့....ကြားပြီးပြီလား.."*

*"ဟိုရပ်ကွက်က ဘယ်သူ..."*

*"ဟိုအိမ်က မဟုဟု.."*

မယဉ်မြင့်တို့ သူငယ်ချင်းတစ်စု သူ့အလုပ် ကိုယ့်အလုပ်၊သူ့ဂန်းကျင် ကိုယ့်ဂန်းကျင် မကျေလည်ရာကိစ္စများကို ဝိုင်းတွတ်နေခိုက် ရောက်နေသော ယောက်မအငယ်က....

*"အဟင်း..ဟင်း..အစ်မတို့လည်း..တရားတွေနာ ၊ တရားစခန်းတွေ ဝင်ထားကြလို့ပဲနော်။ တရားတာ လုပ်မှ တရား..တဲ့။ တရားအလုပ် လုပ်သူဟာ ကျင့်ကြံတာနဲ့အမျှ သည်းခံခွင့်လွှတ်နိုင်စွမ်းလည်း ကြီးလာတယ်..လို့ ကြားဖူး ဖတ်ဖူးထား တာ..။ အစ်မတို့က တရားအလုပ်တွေ အတော် လုပ်ကြတာပဲကို.."*

*"ဘာ..."*

*"အဟဲ.. ဟို..ကျွန်မ ပြန်တော့မယ်..မမယဉ်။ ဩော်..ရှေ့အပတ် စနေည ကျွန်မတို့လမ်းမှာ တရားပွဲရှိတယ် သိလား..။ အစ်မတို့ တရားသမားတွေဆိုတော့ လာ နာကြပါဦးလား။ အဟဲ..သွားပြီ..အစ်မရေ.."*

ယောက်မအငယ်၏ အရိစကားကြောင့် သူမတို့ ဒေါသူပုန်ထ ကျန်ခဲ့ရသောအဖြစ်ကို ပြန်တွေးပြီး မယဉ်မြ ယခုပင် ဒေါသ ထပ်ဖြစ်မိလေသည်။ အတွဲဆီ ငေးရင်း ယောက်မအငယ်ဆီ အတွေးရောက်သွားရာမှ မျက်မှောင်ကြီး အလိုလို ကုပ်မိပြီး ပြတင်းအပြင်သို့ မျက်နှာကို ဒေါသနှင့် လွှဲလိုက်မိ၏။

*ဟင်....ဟိုမှာ..ဦးတက်ထွန်း...ဦးတက်ထွန်း ....မဟုတ်လား...။*

မယဉ်မြင့်တို့ကားက ဖြူး အဝင် တရုတ်စားသောက်ဆိုင်များရှေ့မှ အဖြတ်တွင် လှမ်းမြင်လိုက်ရသော အတွဲကို မယဉ်မြင့် က လည်လိမ်ကာ မျက်စိတစ်ဆုံး လိုက်ကြည့်မိ၏။ ကားက ထိုနေရာကို ကျော်လာပြီး မြင်ကွင်း ကွယ်သွားမှ ပြန်လှည့်ရသည်။

*တို့လမ်းထဲက ဦးတက်ထွန်းက ကောင်မလေးတစ်ယောက်နဲ့ ခါးဖက်လို့ပါလား..။ အမယ်...ကောင်မလေးပါးကိုတောင်*

*ဆွဲလိမ်လိုက်သေးသတော့..။ သူ့ မိန်းမ မမဉီး ပြောတော့ ဉီးတက်ထွန်း မနေ့ကပဲ အလုပ်ကိစ္စနဲ့ ထိုင်းကို သွားတယ်ဆိုပြီး..။ ဆိုင်ရှေ့မှာ သူ့ ပါဂျဲရိုးကားအနက်ရောင်လည်း တွေ့လိုက်သား..။ သူ့ကားက ကိုယ်ထည်မှာ ရှားရှားပါးပါး အနီနဲ့ ငွေရောင်လိုင်းစင်း ကြီးနဲ့ မှားစရာမှ မရှိတာ...။...ဟယ်...အံ့ဩပါ့...။*

*လူကြီးက..ရပ်ကွက်ထဲမှာတော့ ဘုရားဒကာ၊ ကျောင်းဒကာ..လူကြီးလူကောင်း ပုံစံနဲ့ ..။ ခုတော့..စမောလေးနဲ့တော့...။ ဒီအကြောင်းများ..ရပ်ကွက်ထဲကလူတွေ သိရင်တော့လား...။ အမလေး..ခုတောင်..ပြေးပြောချင်လိုက်ပါဘိတော့...။*

စောစောက အတွေးများ ပျောက်သွားပြီး မယဉ်မြင့်တစ်ယောက် အာရုံအသစ်နှင့် နပန်းလုံးနေလေပြီ။ လက်နိပ်ကောင်တာ ပုတီးစိပ်စက်လေးကမူ အရှိန်မပျက် တချောက်ချောက် မြည်ဆဲ....မြည်လျက်...မြည်နေလျက်.......။

**%%%%%%%%%%%%%%%%%%%%%%%%%%%%%%**

" အစ်ကိုကြီး..ဆိုဖီတို့ ပြင်ဉီးလွင်လည်း တက်မယ်နော်.."

" ဟာ..ဆိုဖီသွားချင်တဲ့ နေရာအနှံ့ အစ်ကိုကြီး ပို့မှာပေါ့။ ဒီတစ်ခါ ထိုင်းသွားမယ်ဆိုပြီး ထွက်လာတာဆိုတော့ ဆိုဖီ ကြိုက်သလောက်နေ၊ ဟုတ်ပြီလား.."

ဉီးတက်ထွန်းက ဆိုဖီ့ ခါးလေးကို ဆွဲဖက်လိုက်ရင်း ကားဆီသို့ လျှောက်လာသည်။ ပါးကလေးကိုလည်း အသာလိမ်ဆွဲ လိုက်၏။

သူတို့သည် ဖြူးအင်ဂ တရုတ် စားသောက်ဆိုင်တွင် ကားခဏနားရင်း အဆာပြေပင်စားကြခြင်း ဖြစ်၏။ ကားပေါ်ရောက်မှ နာရီကို မြှောက်ကြည့်မိသည်။ ဆယ်နာရီ..။ သိပ်မကြာခင် နေပြည်တော် ရောက်တော့မည်။ နေပြည်တော် ဟိုတယ်တစ်ခုခုတွင် ညအိပ်ပြီး မနက်မှ မန္တလေးဆက်တက်မည်ဟု စီစဉ်ထားသည်။

ဉီးတက်ထွန်းက ဘေးခုံတွင် နှုတ်ဆိတ်စွာ ထိုင်နေသော ကောင်မလေးကို စောင်းကြည့်လိုက်၏။

***" ဆိုဖီ..ငြိမ်လှချည်လား..။ ဘာအလို မကျပြန်ပြီလဲ..။အစ်ကိုကြီးနဲ့ ခုလိုသွားရတာ မပျော်ဘူးလား.."***

ဆိုဖီက တစ်ချက်လှည့်ကြည့်ပြီး မျက်နှာအိုအိုနှင့် ပြန်လှည့်သွားသည်။

***" ဘာဖြစ်တာလဲ..ပြောပါဉီး။ ဆိုဖီကလည်းကွာ..အစ်ကိုကြီးကတော့ ဆိုဖီနဲ့ ခုလို ခရီးထွက်လာရတာ သိပ်ပျော်နေတာကို"***

ဆိုဖီက သက်ပြင်းချသည်။

***" ဆိုဖီလည်း ပျော်ပါတယ်..။ ဒါပေမဲ့.."***

***" ဘာ..ဒါပေမဲ့လည်း..ဆိုဖီရဲ့.."***

***" ဟွန်း..အစ်ကိုကြီးက ဆိုဖီ့ကို တစ်ကယ်မှ မချစ်တာ..။ အဲဒါ ဆိုဖီ ဝမ်းနည်းလို့"***

***" ဟာ..ဆိုဖီကလည်း ချစ်လို့ပဲ..တရားဝင် လက်ထပ်ချင်တယ် ဆိုလို့ လက်ထပ်စာချုပ်တောင် လုပ်ပေးထားပြီလေ။ ချစ်လို့ပဲ လိုလေသေးမရှိလည်း ထောက်ပံ့ထားတယ်။ တိုက်ခန်းရော၊ ကားရော ဝယ်ပေးထားတာပဲ..။ ခုလည်း..ဆိုဖီက မန္တလေး ဘက် ခရီးထွက်ချင်တယ်ဆိုလို့ အစ်ကိုကြီး အလုပ်တွေ မအားတဲ့ကြားက ကြံဖန်ထွက်ပြီး လိုက်ပို့ပေးနေတာကွာ.."***

***" ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ခုလို ခိုးကြောင်ခိုးဝှက် တွေ့နေရတဲ့ဘဝနဲ့ ဘယ်ထိ နေရဉီးမှာလဲ..လို့.."***

သည်တစ်ခါတော့ ဉီးတက်ထွန်း သက်ပြင်းချအလှည့် ဖြစ်သည်။

***" ဆိုဖီရာ..၊ ဆိုဖီ့ကို အစ်ကိုကြီးက တရားဝင် ယူထားတာပဲ..။ အစ်ကိုကြီးတာဝန်မကျေတာ..ဘာများရှိလို့လဲ..။ ခိုးကြောင် ခိုးဝှက် တွေ့နေရတယ် ဆိုတာတော့ အစ်ကိုကြီးဘက်ကိုလည်း ဆိုဖီပြန်ပြီး နားလည်ပေးဉီးမှပေါ့..။***

***အစ်ကိုကြီးမှာ သားသမီးတွေလည်း အရွယ်ရောက်လို့ အိမ်ထောင်ကျတဲ့သူတောင် ကျကုန်ပြီ။ အလုပ်ထဲမှာ..အစ်ကိုကြီး ပတ်ဝန်းကျင်မှာ..အသိခံပြီး ပေါ်ပေါ်ထင်ထင်နေဖို့ကတော့ အစ်ကိုကြီးသိက္ခာ ရှိသေးတယ်လေ.."***

***" ဟင်..ဆိုဖီ့ဘက်ကရော..အစ်ကိုကြီး ကြည့်ဉီးလေ..။ ရပ်ကွက်ထဲမှာ ဆိုဖီ့ကို မယားငယ်....မယားငယ်နဲ့..။ တရားဝင် လက်ထပ်ထားတယ်ဆိုပေမဲ့ ဒါကို ဆိုဖီက လူတိုင်း လိုက်ပြောနေလို့မှ မရတာ..။ မသိရင် အပျော်မယားလိုလို.."***

ဉီးတက်ထွန်း စိတ်ညစ်သွားသည်။

ဉီးတက်ထွန်းတို့ အသိုင်းအဝိုင်းတွင် အပျော်ရှာသောကိစ္စများမှာ မဆန်းပါ။ သူတို့က အထက်တန်းလွှာ ယဉ်ကျေးမှုဟု သတ်မှတ်ထားကြသည်။ ဆိုဖီ့အရင် ကောင်မလေး သုံးလေးယောက်နှင့် တွဲခဲ့ဖူးပါ၏။ သူ့မှာ ငွေရှိသည်။လုပ်ငန်းကြီးများ ရှိသည်။

ဂုဏ်ရှိသည်။အသိုင်းအဝိုင်း ကျယ်သည်။ ငွေနောက်လိုက်သောကောင်မလေးများက မရှားသည်မို့ ငွေလမ်းခင်းပေးလိုက်သည်နှင့် အိမ်ထောင်ရှိသော ဘာသော..ဂရုစိုက်နေကြသည် မဟုတ်။ ငွေခင်းလမ်းအတိုင်း လိုက်လာကြသူက များသည်။

ဦးတက်ထွန်းက သည်လိုကောင်မလေးများနှင့် ရှုပ်သည်ကို အိမ်ထောင်ရေးဖောက်ပြန်ခြင်းဟု လက်မခံ။ ကောင်မလေးများ ကိုယ်၌က စည်းမစောင့်မှတော့ ကိုယ်က ယောကျာ်းပဲ..။ ဘာအရေးလဲ..ဟု တွေးသည်။ ဆိုဖီနှင့်ကျမှသူ အစွဲကြီး စွဲကာ လက်ထပ် စာချုပ်ပင် လုပ်ဖြစ်ခဲ့ခြင်း ဖြစ်လေသည်။

သို့သော်.. ဦးတက်ထွန်း၏ ဖနီးကြီး ဒေါ်လဲ့လဲ့ဦးကမူ ထိုသို့ အပျော်ရှာ အသစ်ထားကြသူများအကြောင်း ကြားလျှင်၊သိလျှင်. ကောင်းကောင်း ပြောတတ်၏။

*သူများအိမ်ထောင်၊ သူများ မိသားစု ဖျက်လို ဖျက်ဆီးလုပ်တဲ့ တစ်ဘို့သမားတွေ..၊ ဗုဒ္ဓဘာသာဖြစ်ပြီး ဒုသနသော မကြောက် တဲ့ ဒိဋ္ဌိတွေ..၊ ငရဲအိုး ချိုးကပ်မဲ့ ဟာတွေ..တဲ့..။*

သူ့ သားသမီးများကပါ သူ့အမေ လေသံအတိုင်းဆိုတော့ ဦးတက်ထွန်းမှာ ပေါ်ပေါ်ထင်ထင်တွဲရန်မူ မရဲသေးပါ။ နောက်ပြီး သူက ဘုရားဒကာ၊ ကျောင်းဒကာ၊ နာမည်တစ်လုံးနှင့် နေသောသူလေ။

ဆိုဖီ့ကို လိုသမျှ ဖြည့်ပေးနိုင်နေလျှင် ပြီးပြီ..ဟု သူတွက်ခဲ့သော်လည်း ယခု ဆိုဖီက တစ်ဆင့် တက်ချင်နေပြီ။

ဦးတက်ထွန်း၏ စိတ်အရှုပ်က လီဗာပေါ်မှ သူ့ခြေဆီ ရောက်သွားကာ အမှတ်မဲ့ ဖိနင်းလိုက်၏။ သူ့ကားရှေ့မှ သွားနေသော ခရီးသည်တင် အဂေးပြေးကြီးကို ကျော်တက်လိုက်သည်။ အရှိန်ပြင်းပြင်း ပြေးနေသော ကားနှင့်အတူ သူ့စိတ်ကို ထွက်ပေါက် ပေး လိုက်မိလေသည်။

**%%%%%%%%%%%%%%%%%%%%%%%%%%%%%**

**(၈)**

***"ပုန်း...ဒုန်း...ဒုန်း..ဒုန်း..."***

အရာဝတ္ထု များနှင့် အားပြင်းစွာ ဆောင့်တိုက်မိသံများအပြင် ရှေ့သို့အထိန်းအကွပ်မဲ့ အရှိန်ပြင်းထန်လွန်းစွာ ဆောင့်ရိုက်ခံ လိုက်ရခြင်းကြောင့် ကိုစိန်ခန့် အထိတ်တလန့် နိုးလာပြီး မျက်လုံး ဖွင့်ကြည့်လိုက်မိသည်။ တစ်ပြိုင်တည်းမှာပင် ဦးခေါင်းဆီမှ ပူခနဲ ဖြစ်ကာ မူးဝေသွားသော ခံစားချက်ကို ကိုစိန်ခန့် ရလိုက်၏။

မည်သည်က မည်သို့ဖြစ်မှန်း ဦးနှောက်၏ သတင်းပို့ချက်ကို မရမီမှာပင် သူ့မျက်လုံးများပေါ်သို့ ပူနွေးသောအရည်များက ဖုံးလွှမ်းသွားသဖြင့် သူ ဘာမျှ မမြင်ရတော့..။ မျက်နှာနေရာအနှံ့သို့ စီးကျလာသော ထိုအရည်များကို သုတ်ရန် လက်နှစ်ဖက်ကို သူ မြောက်လိုက်၏။ သူ့ ညာဖက်လက်ဆီမှ အသည်းခိုက်မတတ် နာကျင်မှုကို စူးနင့်စွာ ခံစားလိုက်ရသည်။ သူ့ တစ်ကိုယ်လုံး သည်လည်း အခွံချွတ် ဇကာပေါ်မှ မြေပဲဆန်ကဲ့သို့ ပရမ်းပတာ ယိမ်းထိုး ယမ်းခါနေ၏။

***"ပုန်း...ပုန်း...."***

***"အား...အမလေး......"***

***"ဘုရား...ကယ်ပါ..."***

***"ကယ်ကြ......"***

***"အမလေး..သေပါပြီ..."***

ကြောက်လန့်တကြား အော်လိုက်ကြသော အသံပေါင်းစုံက ကိုစိန်ခန့်နားထဲ ဝင်လာသကဲ့သို့ သူကိုယ်တိုင်လည်း ထိတ်လန့်တကြီး အော်လိုက်မိသည် ထင်၏။ ထိုစဉ် ကိုစိန်ခန့်၏ အသိစိတ်က တစ်စုံတစ်ရာကို ဖြတ်ခနဲ တွေးမိသွားသည်။

ကား....။ သူက ကားပေါ် အိပ်ပျော်လာသည်။ သူတို့ စီးလာသောကား တစ်ခုခု ဖြစ်ခြင်း။

တွေးမဆုံးခင်မှာပင် ကားက မှောက်ခနဲ ဖြစ်သွား၏။

***"ဗွမ်း...ပုန်း..."***

စက္ကန့်ပိုင်းအတွင်း ဦးစိုက်ပြောင်းပြန် ပြုတ်ကျသလို ခံစားလိုက်ရပြီး ဗွမ်းခနဲ ရေသံကြီးကိုပါ ကြားလိုက်ရသည်။ ထိုနှင့်

တစ်ဆက်တည်း သည်းအူပြတ်မျှ ကြောက်အား လန့်အား အော်ဟစ်လိုက်ကြသော အသံမျိုးစုံက စူးခနဲ..။

ထို့နောက် ကားက တစ်စုံတစ်ရာနှင့် အဟုန်ပြင်းပြင်း ဆောင့်မိသလို ကျွမ်းထိုး မှောက်ခုံ ခံစားချက်မျိုး ရလိုက်သည်။ နောက်.....ပုန်းခနဲ အသံကြီးနှင့်အတူ ဘေးဘက်သို့ စောင်းလဲ ပစ်ခါ ကျသွားလေတော့သည်။

*အား...သူ့..သူ့ ခြေထောက်.....။*

ကျွမ်းပြန်ကာ စောင်းလဲနေသော ကားတွင်းတွင် ကိုစိန်ခန့်သည် သူ့ရှေ့ထိုင်ခုံနှင့် ညပ်လျှက် ၊ ထိုင်လျက်သားအတိုင်း ရှိနေ၏။ ရှေ့ ထိုင်ခုံစွန်းပေါ်တွင်ကျိုးနေသော အရိုးကြီးတစ်ချောင်းက ထောင်လျှက်..။ ထိုမြင်ကွင်းနှင့် တစ်ဆက်တည်း သူ့ ညာဖက်ပေါင်ဆီမှ မခံမရပ်နိုင်အောင် ဆိုးဂါးလှစွာ နာကျင်လာသည်ကို ခံစားလိုက်ရ၏။

***" ဟင်....ဒါ...ငါ့ပေါင်...ငါ့..အရိုး..."***

***" အား......အား....."***

ယောင်ယမ်း ထိတ်လန့်စွာဖြင့် လှုပ်ရန် ကြိုးစားလိုက်မိသည်နှင့် သူ့ ညာဖက်ပခုံးဆီမှ ဝေဒနာက သူ့ ကို မေ့မြောသွားစေလုမတတ် ဆောင့်တက်လာ၏။ သူ့ ညာပခုံးသည် တစ်ခြမ်းစောင်းကြီး ဖြစ်နေသည်။ ညာလက်သည်ကား အရိုးမပါသည့်နယ် အကျီ လက်ဖတ်ကဲ့သို့ ဖတ်လတ်ကြီးကျနေ၏။ ရုတ်ခြည်းဆိုသလို ကိုစိန်ခန့်တစ်ကိုယ်လုံးတွင် အသည်းခိုက်အောင် နေရာအနှံ့ နာကျင်မှုများက ဟိုမှ သည်မှ ဆက်၍ ဆက်၍ ပေါ်လာသည်။

*မေမြ....သားနဲ့ သမီး...။ နောက်...ငွေတွေ...သူ့ ...စိန်တွေ...ရွှေတွေ...။*

သူ့ စိတ်မျက်လုံးထဲတွင် အခန်းတစ်ခန်း၏ နံရံ၌ ချိတ်ဆွဲ ထားသော ရှုခင်းပုံ ပန်းချီကားကြီးကို မြင်ယောင်လာသည်။ သူ့ စိတ်လက်တို့က ပန်းချီကားနောက်ဘက် ဘောင်ကြားတွင် ညှပ်ထားသော သော့တစ်ချောင်းကို နှိုက်ယူနေ၏။ သော့ကို စမ်းတွေ့လျက်နှင့် သူဖြုတ်၍ မရ။

*ငွေ....ငါ့ ငွေတွေ....ငွေတွေ....။*

ထိုစဉ်အခိုက် သူ့ ညာဘက် ရင်ခေါင်းတွင်းမှ စူးစူးရှရှ နာကျင်မှုကြီးက အားလုံးသောခံစားမှုများအပေါ် လွှမ်းမိုးသွားလျက် ကိုစိန်ခန့်၏ သိစိတ်တို့သည် မည်းမှောင် ထူပြိန်းသော ချောက်နက်ကြီးထဲသို့.........။

**%%%%%%%%%%%%%%%%%%%%%%%%%%%%%%%**

***" ဂျာနယ်တွေ ရမယ်..ဂျာနယ်တွေ..."***

***" ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမှာ ဖြစ်ပွားခဲ့တဲ့ ကြောက်မက်ဖွယ် ယာဉ်တိုက်မှုကြီးအကြောင်း သတင်းအစုံအလင် နဲ့..."***

***" ဂျာနယ်တွေ....ဂျာနယ်တွေ..."***

**ရန်ကုန်-မန္တလေး အဝေးပြေးလမ်းတွင် ယာဉ်တိုက်မှုဖြစ်၊ ရှစ်ဦးသေ ၊၂၃ ဦး ဒဏ်ရာရ**

ရန်ကုန် ဇွန် ၁၃

ဇွန်လ ၁၃ ရက်၊ည ၁ဂ နာရီခွဲခန့်က မန္တလေးမှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဦးဘထူး မောင်းနှင်လာသော သစ်လုံးများ တင်ဆောင်လာသည့် ဆယ်ဘီးကားသည် မိုင်တိုင် ../... အရောက် အရှိန်ပြင်းကို မထိန်းနိုင်သဖြင့် မျက်နှာချင်းဆိုင်မှ ယာဉ်မောင်း ဦးတက်ထွန်း မောင်းနှင်လာသော ပါဂျဲရိုးကား အနက်ရောင်ကို ဖြတ်တိုက်မိခဲ့သည်။

ကားတိုက်မှုအရှိန်ကြောင့် ပါဂျဲရိုးကားမှာ တိမ်းမှောက်သွားခဲ့ပြီး သစ်လုံးတင်ကားပေါ်မှ သစ်လုံးများ သံကြိုးပြတ်ကာ ပြုတ်ကျခဲ့ရာ ပါဂျဲရိုးကား နောက်မှ ပါလာသည့် ရန်ကုန်-မန္တလေး အဝေးပြေးကားကြီးမှာ လိမ့်ကျလာသော သစ်လုံးများကို ရှောင်ရင်း စောင်းကျနေသော သစ်တင်ကားနှင့် ထပ်မံ တိုက်မိခဲ့သည်။

အဝေးပြေးကားကြီးသည် လည်ထွက်သွားပြီး ကားလမ်းဘေးကာ ကွန်ကရစ်တိုင်များအား တိုးတိုက်လျက် တစ်ဖက်ချောက် ရေအိုင်အတွင်းသို့ ထိုးကျ တိမ်းမှောက်သွားခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် သစ်တင်ကား ဒရိုင်ဘာ ဦးဘထူး ၊ ပါဂျဲရိုးကားမှ ဦးတက်ထွန်း ၊ အဂေးပြေးကားပေါ်ပါ ခရီးသည် ဦးစိန်ခန့် ၊ ဒေါ်ခင်ပိုင်း နှင့် ဒေါ်ယဉ်ယဉ်မြင့် ဆိုသူတို့ ပွဲချင်းပြီး သေဆုံးခဲ့ရပြီး မီးမီး၊ မောင်တင်ဂင်းနှင့် ဒေါ်မြမြသန်းတို့မှာ ဒဏ်ရာ ပြင်းထန်သဖြင့် ဆေးရုံသို့ ပို့ဆောင်ရာလမ်းတွင် ထပ်မံ သေဆုံးခဲ့သည်။

သေဆုံးသူပေါင်း (၈)ဦးဖြစ်ပြီး သစ်တင်ကား စပယ်ယာအပါအဂင် ခရီးသည်(၂၃)ဦးမှာ ဒဏ်ရာများ ရရှိခဲ့ကြ၍ အတွင်းလူနာ (မစိုးရိမ်ရ) အဖြစ် တောင်ငူဆေးရုံကြီးသို့ တင်ပို့ခဲ့ရသည်။

ယာဉ်တိုက်မှုနှင့် ပတ်သက်၍ တောင်ငူရဲစခန်းမှ ပ/..../ ၂၀၁၇ ၊ပုဒ်မ ၃၀၄(က)/ ၃၈၈ တို့ဖြင့် အမှုဖွင့်..............................
..............................................................................................................................................

%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%

(၉)

အမာက ဖားလျားချထားသော ဆံပင်ကို ညှပ်ကလစ်ဖြင့် ထုံးစံအတိုင်း ပင့်တင်လိုက်ရင်း ကွန်ပျူတာရှေ့တွင် ဂင်ထိုင်လိုက်၏။ သူမ၏မျက်လုံးများက ကွန်ပျူတာပေါ်မှ စာရင်းဂဏန်းများကို ကြည့်ပင် ကြည့်နေသော်လည်း မမြင်။ ဂဲကျလာသော မျက်ရည်များ ကြားမှ ချောမောလှပသော မျက်နှာလေးတစ်ခုကိုသာ မြင်ယောင်နေသည်။ သူမက ပင့်သက် ရှိုက်လိုက်၏။

***"ထပ်.."***

အမာ့ခေါင်းတွင် ညှပ်ထားသောကလစ်က ဆွဲဖြုတ်လိုက်သလို ထပ်ခနဲပွင့်ကာ ခေါက်တင်ထားသော ဆံပင်များမှာ ကျောပေါ်သို့ ဂဲခနဲ ကျလာသည်။

***"အမေ့....အန်တီနွဲ့ ရေ......"***

အမာမှာ ကြောက်လည်းကြောက်၊ ဂမ်းပန်းတနည်းလည်း ငိုရင်း စာရင်းစစ်မှူးအန်တီနွဲ့ ၏ စားပွဲဆီသို့ ထပြေးမိ၏။ အမာသည် စာရိုက်နေစဉ်တွင် သူမ၏ ဖားလျားချထားတတ်သော ဆံပင်ရှည်များကို ဖိကလစ်ဖြင့် ခေါက်ညှပ်တင်ပြီးမှ ရိုက်တတ်၏။ မီးမီးသည် အမာလစ်လျှင် လစ်သလို အမာ့ခေါင်းမှ ထိုကလစ်အား သွားသွား ဆွဲဖြုတ်ကာ စ တတ်လေသည်။

ယခု အမာ စာရိုက်မည်ပြုစဉ် ခေါင်းမှ ကလစ်က မီးမီး စ လေ့ရှိသည့်ပုံစံမျိုး ဆွဲဖြုတ်ခံလိုက်ရသလို ပြုတ်ထွက်သွားသဖြင့် အမာ လန့်ပြီး ပြေးမိခြင်း ဖြစ်သည်။

***"ဂျရစ်...တစ်..တစ်..တစ်....ဖျော...ဖရော..ဖရော....."***

ထိုစဉ် ပရင်တာထားရာဆီမှ စာရွက်လျှောဂင်သံ၊ ပြန်ထွက်လာသံ၊စာရွက်များ ထပ်ကျသံတို့ ဆက်တိုက် ထွက်ပေါ်လာ၏။ သူတို့အားလုံးက ပရင်တာဆီသို့ အသီးသီး လှမ်းကြည့်မိကြသည်။ ပရင်တာကား အလုပ် လုပ်မနေပါ။ မည်သည့်စာရွက်မျှလည်း ထွက်မလာပါ။

***"အိုး...သော်တာ့ကွန်ပျူတာ ပိတ်..ပိတ်သွားပြီ။ ဟင်..ပြန်..ပြန်..ပွင့်လာပြီ.."***

မီးမပျက်ပါဘဲ ရိုက်လက်စ ကွန်ပျူတာက အလိုလိုပိတ်သွားသဖြင့် ခင်သော်တာ လန့်အော်မိစဉ်မှာပင် ကွန်ပျူတာက ပြန်ပွင့်လာပြန်၏။

***"ဒေါက်...ဒေါက်...ဒေါက်...ဒေါက်..."***

***"ဟော...ဟော...စည်း..စည်းချက် ...လိုက်..နေ..."***

စာရင်းခန်းထဲမှ ကောင်မလေးများအားလုံး မတိုင်ပင်ရပါဘဲ အန်တီနွဲ့နားသို့ စုပြုံ အပြေးရောက်သွားကြ၏။

***"အန်တီနွဲ့ ...မီးမီး...မီးမီး..သူ..ဒီ..ဒီမှာ..ရှိ..ရှိ....နေတယ်.."***

အမာက အထိတ်တလန့် ပြောသည်။

စာရင်းခန်းအဖွဲ့သူများ သီချင်းတောင်း၍ ဖြစ်စေ ၊ တစ်ယောက်တည်း တေးညည်းလျှင် ဖြစ်စေ ၊မီးမီးက ကိုယ့်သီချင်း ကိုယ် စည်းလိုက်လေ့ရှိသည်။ ထို့ကြောင့် တေးသွားနှင့်အညီ မီးမီး၏ စည်းလိုက်ဒေါက်ဖိနပ် ခွာသံကိုပါ တဒေါက်ဒေါက် ကြားရ

လေ့ရှိသည်။ ယခုလည်း.....

***"မီးမီး..ရေ..."***

အန်တီနွဲ့၏ ကြေကွဲ ဆို့နစ်နေသော မပီမသ ခေါ်သံနှင့်အတူ စာရင်းခန်းတစ်ဖွဲ့လုံး၏ ဂမ်းနည်းပက်လက်ငိုသံတို့က တရှုတ်ရှုတ် ထွက်ပေါ်လာတော့သည်။

***"မီးမီး ရေ...အမျှ...အမျှ...ဟီး...ဟင့်...ဟင့်.."***

***"တို့တွေ..မီးမီး အတွက်..ဆွမ်း..သွတ်..အမျှ ဝေ..ပေးမယ်..နော်..သူငယ်ချင်း..အီး...ဟီး....ဟီး...."***

***"မီးမီးနဲ့ ဒီ..အလုပ်..နဲ့...မ.....မဆိုင်တော့ဘူးကွယ်...လွတ်ရာ..ကျွတ်ရာကိုသာ..ဟင့်...ဟင့်......."***

မြို့တွင်းရှိ ကုမ္ပဏီ ရုံးချုပ်၊ အထူးသဖြင့် ငွေစာရင်းခန်းသည် ထိုနေ့ရက်များအဖို့ ချောက်ချားမှု ၊ ကြေကွဲမှု ၊ဂမ်းနည်းမှု များ အတိဖြင့်သာ....။

**%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%**

(၁၀)

***"အမလေး...ညီမလေး..ယဉ်မြင့်ရေ...အဖြစ်..ဆိုးလှချည့်...ဟီး...ဟီး...ဟင့်.."***

***"မမ..သားနှစ်ယောက်ကို စိတ်ချထားခဲ့ပြီလား....ဟင်..မမ..ရဲ့..."***

မောင်နှမတစ်စု၏ ဂမ်းနည်း ပန်းနည်း ငိုယိုသံများက အိမ်အဝန်းအတွင်း ကြေကွဲဖွယ် ပျံ့လွင့်နေ၏။

*"သနားပါတယ်ဟယ်..။ မွေ့လေးကို ရာထူးတိုးပြီး ပြောင်းရတော့မှာဆိုလားပဲ။ အပြောင်းအရွှေ့ ကိစ္စအတွက်သွားရင်း ဖြစ်တာတဲ့....."*

*"ပွဲချင်းပြီး ပဲဆို..။ ဒဏ်ရာတွေလည်း ဗလပွ..တဲ့..။ မယဉ်မြင့် သားတွေဆို လူးနေတော့တာ..."*

*"သားတွေဆိုလို့..မယဉ်ယဉ်မြင့်..သူ့သားတွေကို စိတ်စွဲသွားတယ် ထင်တယ်၊ မနေ့ညကလည်း ခြောက်လို့တဲ့..."*

*"ဟင်..ဘယ်လိုခြောက်သတဲ့လဲ...ပြောပါဦး..."*

*"သားတွေ အခန်းတံခါးကို တဒေါက်ဒေါက် သွားခေါက်တယ် ဆိုတာပဲ...။ သူ့ယောကျာ်းကလည်း မယဉ်မြင့် ကို အိမ်နောက်ဖက် ရိပ်ခနဲဝင်သွားတာတို့..၊ အိမ်ရှေ့မှာ ဖျတ်ခနဲ ပျောက်သွားတာ..တို့ ...တွေ့သတဲ့"*

*"ဟုတ်မှာပေါ့...အစိမ်းသေဟာကိုး...။ သူ့အိမ်သူ စိတ်စွဲမှာပေါ့..."*

*"သူ့ မောင်နှမတွေအိမ်ကိုလည်း ခဲနဲ့ ပေါက်တယ် ကြားတယ်။ ခေါင်မိုးပေါ်တဖျောဖျောနဲ့..တစ်ညလုံး လိုလိုပဲတဲ့..."*

*"မယဉ်မြင့်က တရားစခန်းတွေလည်း ခဏခဏ ဝင်တာ....။ တရားပွဲ ဆိုလည်း သူ့ကို အမြဲ တွေ့တယ်..။ ဒီလောက် ဘုရား တရားလုပ်လျှက်နဲ့ ဘယ့်နယ်...မကျွတ် မလွတ် ခြောက်ရမှာတုံး....။ ထင်ရာ ပြောနေကြတာ နေမှာပါဟယ်..."*

*"ဟာ...အစ်မကလည်း ..ရုတ်တရက် အက်ဆီးဒင့် ဖြစ်ပြီး သေရတဲ့ ဥစ္စာ..။ တရားအလုပ် လုပ်တယ်..ဆိုပေမဲ့...မသေခင် လေး စွဲမိစွဲရာ စွဲသွားတာမျိုး နေမှာပေါ့...။ သားလေးတွေလည်း ကျန်ခဲ့တာ..ဆိုတော့..သူ..ဘယ်စိတ်ချမလဲ။ သားတွေ ဆီ စိတ်ရောက်နေမှာပေါ့..."*

*"အမယ်လေး...မယဉ်မြင့်က ဘုရား တရား အလုပ်လုပ်တာ လုပ်တာပဲ..၊ သိတဲ့အတိုင်း သူ့ကိုယ်သူနဲ့ သူ့မိသားစုက လွဲရင် ကျန်တဲ့လူ ဘယ်သူ့မှ အကောင်းပြောတာ မဟုတ်ဘူး..။ မောင်နှမချင်းတောင် မချန်တာ။သူပဲ တရားရှိတယ်ထင် တဲ့ အတ္တသမားကို....။ ဒီတော့ ကျွတ်မလား...."*

*"ဟုတ်တော့လည်း ဟုတ်တယ်..။ အတင်းပြောတဲ့ နေရာမှာတော့ မယဉ်မြင့်က...."*

*"ဟယ်...နင်တို့ကလည်း...။ သေတဲ့လူကို မကောင်းပြောမနေကြစမ်းပါနဲ့..။ တော်...တော်....။ သူ့အိမ်သားတွေ ကြားသွားရင်......."*

အသုဘ သတင်း လာမေးကြသူများ၏ တစ်ယောက်တစ်ပေါက် တီးတိုး ပြောသံများက ဟိုနား သည်နားဆီမှ ခပ်ကျိတ်ကျိတ် ထွက်ပေါ်လာ၏။ သို့သော် ကာယကံရှင် မယဉ်မြင့် ခမျာမှာတော့ သူ့အတင်း...သူ့သတင်းကို...ကြား၏.. မကြား၏...မသိနိုင်တော့ပါ....။

%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%

(၁၁)

*" ကိုတက်ထွန်း...ရှင်က..ကျွန်မအတွက် အရှုပ်ထုပ်ပဲ ချန်ထားခဲ့ပြီး..ရှင်ကတော့ ကိုယ်လွတ်ရုန်း ထွက်သွားတယ်ပေါ့ လေ..။ အပဟီး...ဟင့်..ဟင့်..။ အသုဘမှ မြေမကျသေးဘူး...၊ ရှင့်ဟာမက ..ကျွန်မကို လာဒုက္ခ ပေးနေပြီ..ရှင့်၊ ဟီး...ဟီး...ရှွတ်..."*

*" ဟဲ့..မဦးရယ်..၊အော်ကြီးဟစ်ကျယ်နဲ့...လူကြားလို့ မတော်ပါဘူးဟယ်..။ တိုးတိုး လုပ်စမ်းပါ.."*

*" မတော်နိုင်ဘူး..အမေရေ..မတော်နိုင်ဘူး...။ဟင်း...တစ်သက်လုံး ဖုံးသမျှ ကုန်းတော့မှ ပေါ် ..ဆိုတာလို ...လင်သေတာ ဂမ်းပဲ နည်းရမလား..၊ ဒေါသပဲ ဖြစ်ရမလား..မသိတော့ဘူး..။ မသိတော့ပါဘူး.....ဟင့်.ဟင့်....။*

*အိမ်ကိုတော့ "ထိုင်း" သွားမယ် ပြောသွားပြီး ..ဟင်..သူက..မယားငယ်နဲ့ မွန္တလေး တက်သတဲ့..။ ခုတော့...ကောင်းကြ သေးရဲ့လား...။ ကားအက်ဆီးဒင့်ဖြစ်ပြီး သေမှ မယားငယ်ဇာတ်လမ်းက..ဘွားဘွား..ပေါ်လာတော့တာလေ.."*

*" ဟာ...တော်ပါလို့ဆို...မဦး ကလည်း..."*

*" အမယ်လေး...ကျွန်မ မပြောလည်း..အားလုံး သိပြီးရောပေါ့..။ သတင်းစာထဲမှာ သူ့ မယားငယ်က နာရေးကြော်ငြာကြီး ထည့်လိုက်တဲ့ဟာကို...။ ကိုတက်ထွန်း..ဟင်...ရှင့် မယားငယ်ကျတော့..တစ်ခါတည်း ဘာလို့ အပါခေါ် မသွားတာလဲ...။ ခေါ်သွားပါတော့လား...။ ခုတော့..လင်လည်းသေ၊ အရှက်တွေလည်း..ကွဲ....ဟီး..ဟင့်.."*

*" ဟယ်...ဦးတက်ထွန်းက..မယားငယ်နဲ့လား...."*

*" ရှူး...တိုးတိုး....အစ်မကခုမှ ကြားတာလား..။ ကျွန်မတို့က ဖြစ်စ နေ့တည်းက ကြားပြီးပြီ..။ ဒေါ်လဲ့လဲ့ဦးက သူ့ ယောက်ျား ကားမှောက်လို့ ဆုံးကြောင်း ရဲက အကြောင်းကြားတော့ မယုံဘူး...တဲ့..။ ဦးတက်ထွန်းက ထိုင်းနိုင်ငံ သွားနေတာ၊ ရန်ကုန် - မွန္တလေးလမ်း ရောက်စရာမရှိပါဘူး..လူမှားနေလား...လို့ ပြောတယ်ဆိုပဲ..။ နောက်မှ..."*

*" ဦးတက်ထွန်း ကောင်မလေးတော့ မသေဘူးဆို...."*

*" အင်း..သေတော့ မသေဘူးတဲ့..။ ပေါင်ကျိုးပြီး ဒဏ်ရာတွေတော့ ရတယ်ဆိုလား...။ဆေးရုံမှာတဲ့..."*

*" ဟင်..ဒါဆို..သတင်းစာထဲထည့်တာက..."*

*" ဩော်...အစ်မကလည်း....ကောင်မလေးအိမ်က ထည့်တာလေ.။ ဟိုက မိန်းမလည် နေမှာပေါ့...။ဦးတက်ထွန်းက လုပ်ငန်းရှင်သူဌေး ဆိုတော့ ကျန်တဲ့ပစ္စည်း သူလည်း ဆိုင်တယ်ဆိုပြီး.. ဒေါ်လဲ့ လဲ့ ဦးဆီ အရေးဆိုလို့ ...ဟိုမှာ.. ဒေါ်လဲ့ လဲ့ ဦး ပေါက်ကွဲနေတာ မတွေ့ဘူးလား..."*

*" ဦးတက်ထွန်းက တရားဝင် ယူထားလို့လား...။ ဟယ်...မထင်ရဘူးတော့..."*

*" ဦးတက်ထွန်းကို ဘုရားဒကာ ကျောင်းဒကာ လူကြီး လူကောင်း ထင်နေတာ...ဟင်း...ဒီအရွယ်ကြီးကျမှ...."*

*" ဟုတ်ပဲ့...။ မလဲ့ဦး တော့ အားနာပါရဲ့..၊ လူကြီးကတော့ သေခါနီးမှ...ဟင်း..မပြောလိုက်ချင်ဘူး...။အပေါ်က တိုက်ပုံ.. အောက်က ပောင်းလောင်းအစားထဲက....။ အမယ်လေး...သူ့ ဟာမကို လက်မှတ်ထိုးယူထားတာတဲ့...။ ဟို..မယားငယ် က သူ့မှာ လက်ထပ်စာချုပ် ရှိပါတယ်..ဆိုပြီး......"*

*" ကောင်မလေး အိမ်တော့ မပြောတတ်ဘူး...။ ဒေါ်လဲ့ လဲ့ ဦး အိမ်မှာတော့ ဘာခြောက်သလဲ မပြောနဲ့..တဲ့..."*

*"--------------"*

*"---------------"*

လူသာ သေခဲ့သော်လည်း ဦးတက်ထွန်း၏ နာမည်ကတော့ လောလောဆယ် မသေခဲ့သေးပါ။ ထို ကျန်နေသေးသောနာမည် သည် သူ့သမိုင်းကို သူ ရေးနေဆဲ ဖြစ်ပါ၏။

%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%

(၁၁)

*သေခြင်းတရားသည် ကိုယ့်ထံသို့ အချိန်မရွေး ရောက်လာနိုင်ပါ၏။*

***ကိုစိန်ခန့်လို လူစားများ......***

***ဒေါ်ခင်ဂိုင်း အသင်းဂင်များ.....***

***မီးမီး အဖွဲ့သားများ.......***

***မယဉ်မြင့်နှင့် အပေါင်းပါများ.......***

***ဦးတက်ထွန်းနှင့် ရောင်းရင်းများ.......***

*သူ...လား....ကိုယ်..လား....။*

*လောဘ ကိုယ်ခွဲပေါင်း များစွာ၏ ကြိုးဆွဲရာ ကနေကြသည့် များစွာသော...၊ များလှစွာသော......အဖွဲ့ ဂင်ဟောင်းတွေ.၊ အဖွဲ့ ဂင် သစ်တွေ......*

***ထို အုပ်စု တရုန်း ရုန်း တွေအထဲ.....***

***သူ..ပါနေသလား...၊***

***ကိုယ်...ရောက်နေသလား....။***

***ဘယ်အထဲမှာများ.....အဖွဲ့ ဂင်နေမိကြပါလိမ့် မလဲ....။***

*ကိုစိန်ခန့်သည် လည်းကောင်း..၊*

*ဒေါ်ခင်ဂိုင်းသည် လည်းကောင်း...၊*

*မီးမီး..၊ မယဉ်မြင့်...၊ ဦးတက်ထွန်း...တို့သည် လည်းကောင်း......*

*လောက၏ သုခ ၊ဒုက္ခ များကြား....*

*ကုသိုလ်..အကုသိုလ်များကို လုပ်ရင်း ကိုင်ရင်း...ဘဂကို အမှတ်မဲ့ ဖြတ်ကျော်မိခဲ့ကြပါသည်။*

*သေလွန်သူ၏ မိသားစုများက ရက်လည်..၊ လပြည့်...၊ နှစ်စဉ်..၊ ကိုယ်စားပေးလှူ .....၊ သေသူကို အမျှဝေနေကြသော အသံ၊ မိုးသို့ မြိမ့်မြိမ့် ညံနေကြပါသော်ငြား......*

***" သရဲ ငါးကောင် "** ..ကား...ထိုအမျှတို့ကို ရလေ၏...မရလေ၏..မသိ ။ မသိ....မသိ...။*

*သူ့ အလှည့်...ကိုယ့် အလှည့်....*

*မိမိ အလှည့် ကျလျှင်ရော.......။*

***ပြုသူက ကောင်းကံ..၊ ဆိုးကံ တို့ကို လုပ်၏။***

***ထို ကောင်းကံ..ဆိုးကံ..တို့က ပြုသူကို နေရာ ပြန်ချ၏..။***

***ထိုအခါ...အတူပါသွားမည်ဖြစ်သော " သံသရာ စရိတ် "..သည်...........။***

***သြော်.....ဘယ်သူ မပြု....မိမိမှု မျှသာ ဖြစ်ပါသည်..။***

%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%

***ထားဉသုံ***